ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ စနေနေ့ (23-5-2015) (၈၂၀၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမှုမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# နိုင်ငံတစ်နိုင်ငံ၏သမိုင်းကိုရေးမည်ဆိုလျှင် မော်ကွန်းများကို အကိုးအကားပြုရမည်ဖြစ်

## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)ပထမအဆင့်ဖွင့်ပွဲ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်

သတင်း စာမျက်နှာ - ၃

# အားကစားနှင့် တိုင်းပြည်ဂုဏ်မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအဖြစ် သမိုင်းမော်ကွန်းရေးထိုးကြ

**နေပြည်တော် မေ ၂၂**

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲဝင်အားကစားအသင်းအဖွဲ့များမှ အဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့်၊ နည်းပြများ၊ ပြိုင်ပွဲဝင်အားကစားမောင်မယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ဝင်များက အဖွဲ့ချင်းစီအလိုက် မိတ်ဆက်ဂါရဝပြုကြသည်။

ထို့နောက် ဒုတိယသမ္မတက လမ်းညွှန်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်ဝန်းလုံးရှိ မိဘပြည်သူများအားလုံးက အားကစားမောင်မယ်များ၏ ဇွဲ၊ စိတ်ဓာတ်အပြည့်အဝဖြင့် ပွဲမဝင်ခင် အပြင်ကကျင်းပဟူသည့်အတိုင်း ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခံစား အသိအမှတ်ပြုလျက်ရှိကြပါကြောင်း၊ **“လေ့ကျင့်မှ ကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှ ရဲရင့် ၊ ရဲရင့်မှ အောင်ပွဲခံ”** ဟူသည့်အတိုင်း လေ့ကျင့်သားပြည့်ဝပြီး ယုံကြည်မှုခိုင်မာစွာဖြင့် အောင်စိတ်တံခွန်များ တလူလူလွင့်နေပြီဟု မျှော်လင့်ပါကြောင်း။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး ကျင်းပရန် (၁၂)ရက်သာလိုတော့သည့် ယနေ့တွင် အားကစားမောင်မယ်အပေါင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ အသင့် ၊ စိတ်ပိုင်းဆိုင်ရာအသင့်၊ အားကစားပညာရပ်ပိုင်းဆိုင်ရာ အသင့်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ အသင့် အစစ အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲကြီးသည်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြိုင်ပွဲဝင်အားကစားသုံး အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတွင် ပထမဆုံးအဖြစ် ၂၇ ထပ်အဆောက်အအုံ Steel Structure ဖြင့် တည်ဆောက်မည်

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ၂၇ ထပ်မြင့် အထပ်မြင့် အဆောက်အအုံကို Steel Structure ဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ လှည်းတန်းမီးပွိုင့်အနီး AGDဘဏ်ဘေးရှိမြေနေရာတွင် တည်ဆောက်သွားမည့် ၂၇ ထပ်မြင့်အဆောက်အအုံကို Mottama Holdings Group က တည်ဆောက်သွားမည်ဖြစ်ပြီး M Office Tower အဖြစ် စီမံကိန်းကာလ နှစ်နှစ်ခွဲ သတ်မှတ်ထားမှုအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဟု Mottama Holdings Group မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အခု လောလောဆယ်မှာ ဒီဇိုင်းအဆင့် ပြီးသွားပြီ။ ကျွန်တော်တို့က အထပ် ၁၂ ထပ်ကျော်ရင် အထပ်မြင့် စိစစ်ရေးကော်မတီအထိတင်ရပါတယ်။ အခု ဘိုးပိုင်ဖောင်ဒေးရှင်း စနေပြီ။ မြေအောက်ထပ်က သုံးထပ်ပါဝင်မှာ ဖြစ်ပါတယ်။ အဲဒါကို စလုပ်မယ်။ Project Timeline အရ ပိုင်တူးတာ သုံးလကြာမယ်။ ဒီနှစ်အကုန်လောက်မှာ ဖောင်ဒေးရှင်းအပိုင်းပြီးမယ်။ ပြီးသွားတာနဲ့ တစ်ပြိုင်နက် Steel Structure ကို စဆောက်မယ်။ မြန်မာနိုင်ငံမှာတော့ အထပ်မြင့်ကို Steel Structure နဲ့ ဆောက်တာဒါပထမဆုံးပါပဲ။ နှစ်ထပ်တို့၊ ငါးထပ်တို့ ဆောက်တာတော့ရှိပါတယ်။ Steel Structure ရဲ့ ပုံစံအရ ဒီဇိုင်းအမျိုးမျိုးပြောင်းပါတယ်။ အထပ်မြင့်သွားရင်တော့ စပယ်ရှယ်တွေပါလာပြီ။ ကျွန်တော်တို့နိုင်ငံမှာ ငလျင်နဲ့ မုန်တိုင်းရှိတဲ့အတွက် သက်ရောက်မှုရှိတဲ့ သဘာဝဘေးအန္တရာယ်နဲ့လျော်ညီအောင် တည်ဆောက်ရပါတယ်။ ရင်းနှီးမြှုပ်နှံငွေလည်းများတယ်။ စင်ကာပူတို့၊ ဟောင်ကောင်တို့မှာ အထပ်မြင့်တွေအများကြီး။ ငလျင်မရှိဘူး ဒါကြောင့် ပေါ့ပေါ့ပါးပါး

**စာမျက်နှာ ၉ ကော်လံ ၅ သို့**

## နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်

စာမျက်နှာ » ၁၀

ကျွန်မမျက်နှာတစ်ခုလုံးမှာ ဝက်ခြံတွေနဲ့ရှိ အရွယ်ရောက်ခါစကတည်းက စိတ်ညစ်ခဲ့ရတာ(၁၅)နှစ်ကျော်ခဲ့ပါပြီ။ လိမ်းဆေး၊စားဆေးအပြင် တိုင်းရင်းဆေး၊နိုင်ငံခြားဆေးတွေပါ ကျွန်မမျက်နှာပေါ်က ဝက်ခြံတွေကို ဆလံသကြရပါတယ်။ ဘယ်ဆေးနဲ့မှကိုမပျောက်ပါဘူးရှင်။ ရိုးရိုးသားသားဝန်ခံရရင် ရွှေပြည်နန်းသနပ်ခါးကြော်ငြာတွေကို နေရာအနှံ့အပြားမှာတွေ့ရပေမယ့် ထူးမခြားနား သီချင်းလိုပဲ သိပ်ထူးခြားမယ်လို့မထင်ခဲ့မိတာအမှန်ပါ။ ဒါပေမယ့်ရွှေပြည်နန်းသနပ်ခါးဟာ ဖိလစ်ပိုင်နိုင်ငံမနီလာမြို့မှာ ကျင်းပတဲ့ ၂၀၀၈ ခုနှစ်ကမ္ဘာလုံးဆိုင်ရာ အကောင်းဆုံးဆု( 2008 GLOBAL EXCELLENCE AWARDS ) ၂၀၀၉ခုနှစ် လူထုရွေးချယ်မှုအကောင်းဆုံးဆု ( 2009 PEOPLE'S CHOICE AWARDS ) ဆိုတဲ့ဆုတွေကိုတောင် ချီးမြှင့်ခံရပြီဆိုကတည်းက စိတ်မဝင်စားလို့ကို မရတော့ဘူးပေါ့။ အဲဒါကြောင့် မိတ်ကပ်နဲ့တစ်ခြားဆေးတွေကို လုံးဝမလိမ်းတော့ဘဲ နောက်ဆုံးကျည်ဆံအဖြစ်နဲ့ ရွှေပြည်နန်းသဲပရာသနပ်ခါး တစ်မျိုးတည်းကိုသာ မနက်တစ်ခါ ညတစ်ခါ လိမ်းလိုက်ရုံနဲ့ တစ်လအတွင်းမှာပဲ သိသိသာသာထူးခြားလာပြီး အခုဆိုရင် လုံးဝပျောက်ကင်းသွားပါပြီ။ ရွှေပြည်နန်းကောင်းကြောင်း ပြောမယ့်ကြုံဖူးမှသိခဲ့ရပါတယ်။ ရွှေပြည်နန်းလေး အောင်မြင်မှု သရဖူကို ထာဝရပိုင်ဆိုင်နိုင်ပါစေ။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ် အပ်ပါသည်)



ဒေါ်မြနန္ဒာ (MRTV)

အတွေးအမြင်

ကြေးမုံ စာတည်းရှုထောင့်  ၂၃-၅-၂၀၁၅၊ စနေနေ့

# ဘဝအတွက် သတိပြုသွားလာ

ဘဝတစ်သက်တာအတွက် သတိပြုပါဟု ဆိုလိုခြင်းသည် မိမိတို့ဘဝ၌ လမ်းမှားလိုက်မိသဖြင့် ပျက်စီးဆုံးရှုံးနစ်နာခြင်းမရှိအောင် သတိပေးလိုခြင်း ဖြစ်ပါသည်။ လမ်းမှားလိုက်သည်ဟုဆိုလိုရင်းမှာလည်း မျက်မှောက်ကာလ၌ ကြားသိနေရသော ငွေကြေးရလိုမှုကြောင့် အခြားဒေသသို့ သွားရောက်ကြသောသူများအား ဆိုချင်ပါသည်။

လူတို့သည် ရှေးဦးကာလကတည်းက ရေကြည်ရာမြက်နုရာ ဒေသများသို့ ရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်စားသောက်ကြသည့် အလေ့အထရှိပါသည်။ မျက်မှောက်ကာလတွင်လည်း ဝင်ငွေကောင်းသောအရပ်များသို့ ရွှေ့ပြောင်းသွားရောက်ကာ ယာယီအခြေချနေထိုင်ပြီး အလုပ်လုပ်ကိုင်ကြသူများကိုလည်း တွေ့ရပါသည်။ ထိုသူများတွင် တရားဝင်သွားလာသူနှင့် တရားမဝင်သွားလာသူများဟူ၍ ရှိလာပါသည်။

တရားမဝင်သွားရောက်သူများကို တရားမဝင်ရွှေ့ပြောင်းသွားလာမှုဟု ခေါ်ဆိုကြပြီး ၎င်းနှင့်ဆက်စပ်၍ လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုတို့ ဖြစ်ပွားလာပါသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာရာမှ ဖြစ်ပေါ်လာသော ယင်းကိစ္စများကြောင့် ကမ္ဘာတစ်ဝန်းရှိ ဆိုင်ရာနိုင်ငံအစိုးရများက အလေးထားစောင့်ကြည့်ကာကွယ်တားဆီးရမည့် အရေးကြီးသည့်ကိစ္စရပ်များ ဖြစ်လာပါသည်။

မြန်မာနိုင်ငံတွင် မသိနားမလည်သူများက ငွေကြေးရလိုမှုတစ်ခုတည်းကိုသာကြည့်ပြီး ပြည်ပသို့တရားမဝင်သွားရောက်၍ အလုပ်လုပ်ကိုင်မှုများ ရှိလာပါသည်။ ထိုသူများအနေဖြင့် အသိအမြင်ဗဟုသုတများ ရှိဖို့လိုပါသည်။ အသိအမြင်ဗဟုသုတမရှိဘဲ မဆင်မခြင်သွားရောက်မိလျှင် လမ်းမှားသို့ရောက်ကာ ဒုက္ခနွံတွင်းသက်ဆင်း၍ အသက်ပင်သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိသည်ကို သိမြင်ထားဖို့လိုပါသည်။

ထို့အပြင် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုခြင်း၊ လူကုန်ကူးခြင်းအကြောင်းများကို လေ့လာထားဖို့လိုပါသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းသည် မိမိသဘောဆန္ဒဖြင့် လွတ်လပ်စွာသွားရောက်နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေအတိုင်းသာ အရေးယူအပြစ်ပေးခံရနိုင်သည့် သွားလာမှု ဖြစ်ပါသည်။

တရားမဝင်ရွှေ့ပြောင်းသွားလာသူထံမှ အကျိုးအမြတ်ရယူ၍ ပြည်ပသို့ ပို့ဆောင်ပေးခြင်းသည် လူမှောင်ခိုမှုဖြစ်ပါသည်။ လူကုန်ကူးမှုတွင် မမှန်ကန်သောလုပ်ဆောင်မှုများနှင့် ဆိုးရွားသောနည်းလမ်းဖြစ်ပြီး ပြည့်တန်ဆာပြုခြင်း၊ လိင်မှုဆိုင်ရာခေါင်းပုံဖြတ်ခြင်း၊ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အဓမ္မဝန်ဆောင်မှုများပေးစေခြင်း၊ ကျွန်ပြုခြင်း၊ ကျေးကျွန်ကဲ့သို့ခိုင်းစေခြင်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူဖယ်ရှားခြင်းများ ပါဝင်ပါသည်။

တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း၊ လူမှောင်ခိုခြင်းနှင့် လူကုန်ကူးခြင်းတို့သည် ဆက်စပ်ဖြစ်ပွားသည့်သဘောရှိသော်လည်း အဓိပ္ပာယ်ကွာခြားမှုရှိပြီး အမှုကိစ္စအမျိုးအစားအလိုက် ပြစ်ဒဏ်အနည်းအများ ထိုက်သင့်နိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါသည်။ ၎င်းတို့သည် မည်သည့်အမျိုးအစားမှ ကောင်းသည့်အမှုကိစ္စများ မဟုတ်ချေ။

သို့ဖြစ်ပါ၍ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် တရားဝင်နည်းလမ်းဖြင့် သွားရောက်ကြဖို့လိုပါသည်။ ငွေကြေးရလိုမှုတစ်ခုတည်းကို မကြည့်ဖို့လိုပါသည်။ မသွားရောက်မီ မိမိလုပ်ရမည့်အလုပ်၊ လုပ်ရမည့်နေရာ၊ လုပ်ခလစာ၊ အလုပ်ချိန်၊ အချိန်ပိုလုပ်ခလစာ၊ သွားရောက်ရမည့်ခရီးလမ်း၊ သွားရောက်ရမည့် ဒေသ၏ ရိုးရာဓလေ့နှင့် ဘာသာစကား၊ အရေးကြုံလာပါက ဆက်သွယ်ရမည့်ဖုန်းနံပါတ်နှင့်လိပ်စာ စသည်တို့ကို ကြိုတင်လေ့လာမှတ်သားသွားဖို့လိုပါသည်။

ထိုသို့မစူးစမ်း မလေ့လာဘဲ ထွက်ခွာသွားမည်ဆိုပါက လူပွဲစား၊ လူကုန်ကူးသူတို့၏ ကျော့ကွင်းသို့ သက်ဆင်းသွားပြီး ဘေးဒုက္ခ ကျရောက်နိုင်ပါသည်။ လက်တွေ့တွင်လည်း ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်သူအချို့ဘေးဒုက္ခကျရောက်နေကြပုံကို မြင်တွေ့နေရမည်ဖြစ်ရာ ထပ်မံမဖြစ်ပွားစေရေးအတွက် သတိပြုဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။ ။


## ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)သို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန်  မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် မေ ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၌ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ**(ယာပုံ)** ချီးမြှင့်ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး တတိယနှစ်နှင့် စတုတ္ထနှစ်ကျောင်းသား ၅၅၃ ဦးအတွက် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်( ရန်ကုန်)ရှိ ၂၀၁၅-၂၀၁၆ ပညာရေးနှစ်တွင် အသစ်တည်ဆောက်မည့် ကျောင်းသားအိပ်ဆောင်မြေနေရာလျာထားမှု၊ ထပ်မံတည်ဆောက်မည့် သုံးထပ်ကျောင်းသားအိပ်ဆောင်နှင့် သုံးထပ်စာသင်ဆောင်မြေနေရာ၊ ကျောင်းသားအိပ်ဆောင်နှင့် စားရိပ်သာအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**






## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်  မေ ၂၂**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၀၉၀၀၀ | - | ၇၁၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၀၉၀၀၀ | - | ၇၁၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၂၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၇၃၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၁၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၈၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၀၂.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၇၄.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၂.၃၆၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၀.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆.၉၉၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၉၄.၂၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉.၀၇၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = ၈၅၅.၄၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၈၁၀.၇၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေး နေလိုသူများအတွက် သန်လျင်၊ ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ် မြေအကျယ် (၅၅'X၁၄၅')၊ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော နှစ်ထပ်ရှေးအိမ်ကြီးတစ်လုံးပါ အေးချမ်းစွာ နေထိုင်ရန်၊ ဘဏ်ဖွင့်ရန်၊ တည်းခိုခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန်အချက်အချာကျနေရာကောင်း၊ လုံးချင်းအိမ်ဖြင့် နေထိုင်လိုသူများအတွက် ကွန်ဒိုတိုက်ခန်းဈေး(၁)ခန်းမျှသာရှိသော အလွန်သက်သာသော ဈေးနှုန်း ရေ၊ မီး၊ အပြည့်အစုံပါ၊ ဖုန်းပါ။ ကျပ်သိန်း (၃၅၀၀)

ဖုန်း 09-5178979, 09-420301091, 01-572224, 01-560787

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

☎ : 01-512443, 09-73017656
ဗွဲတော်အုပ်ဆန်ဆိုင်
ပေါ်ဆန်းမွှေး/ဇီယာ(အကြမ်း)
သန္တံစင်ပြီး/အရောတ်ဝို

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

၂၀၀၀ပြည့်နှစ်မတိုင်မီ ကချင်(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အရာရှိများအား ၂၃-၅-၂၀၁၅ ရက်(စနေနေ့) ၁၈နာရီ၌ ရွှေရှမ်းကန်(အင်းလျားလမ်း)တွင် ပြန်လည်ဆုံတွေ့ရန် ဖိတ်ခေါ်အကြောင်းကြားအပ်ပါသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ၀၉-၉၁၀၃၇၉၂၆၊ ၀၉-၅၁၇၅၁၀၄

ဦးရဲမင်းပိုင် [သချိုင်း]
၈ တန်း (တိုင်းစစ်)
သင်္ချိုင်း၊ အင်္ဂလိပ်စာ (စနေ၊ တနင်္ဂနွေ)
၁၆၅၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ် ၀၉ ၇၃၃၁ ၆၁၁၄၀
၁၀ တန်း (သိပ္ပံ၊ ဝိဇ္ဇာ) တန်းခွဲသစ် (၁၀)ဦး သီးသန့်၊ အထူးသီးသန့်တသင်ပိုင်း

ပြည်တွင်းရေးရာ

# နိုင်ငံတစ်နိုင်ငံ၏သမိုင်းကိုရေးမည်ဆိုလျှင် မော်ကွန်းများကို အကိုးအကားပြုရမည်ဖြစ်

## အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်)ပထမအဆင့်ဖွင့်ပွဲ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်

**နေပြည်တော် မေ ၂၂**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန အဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများသည် မော်ကွန်းတိုက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မော်ကွန်းတိုက် အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၏ မော်ကွန်းပြကွက်များ၊ မော်ကွန်း/မှတ်တမ်း သိမ်းဆည်းခန်းများနှင့် မှတ်တမ်းစာတွဲများအား စနစ်တကျသိမ်းဆည်းထားမှု အခြေအနေများ၊ ရည်ညွှန်းစာဖတ်ခန်းတွင် သုတေသီများ အလွယ်တကူ ရှာဖွေဖတ်ယူနိုင်ရန် Data Server များချိတ်ဆက်၍ National Archives Information System (NAIS) database စနစ်ဖြင့်လည်းကောင်း၊ Microfilm Reader၊ Microfiche Reader များဖြင့်လည်းကောင်း ဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယသမ္မတသည် စက္ကူမဟုတ် မှတ်တမ်း (Non-Paper Records) များ သိမ်းဆည်းထားရှိမှုနှင့် မော်ကွန်း/မှတ်တမ်းများအား digitization နည်းပညာဖြင့် ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မော်ကွန်းတိုက်တည်ဆောက်ခြင်းနှင့် လုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ အမျိုးသားမော်ကွန်းတိုက်သည် တစ်မျိုးသားလုံး အတိုင်းအတာဖြင့် အရေးကြီးသည့် နိုင်ငံရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေးနှင့် သမိုင်းဝင်မှတ်တမ်းမော်ကွန်းများကို ရေရှည်ထိန်းသိမ်းထားပြီး အမျိုးသားရေးလက္ခဏာများနှင့် အမွေအနှစ်များ မပျောက်ပျက်အောင် စောင့်ရှောက်ထားသည့် ဌာနတစ်ခုဖြစ်ပါကြောင်း။

မော်ကွန်းများကို နိုင်ငံသားတို့၏ အခွင့်အရေးသက်သေခံအဖြစ်၊ တရားရုံးများတွင် လည်းကောင်း၊ တရားမမှုဆိုင်ရာ ကိစ္စရပ်များ၊ အငြင်းပွားမှုများတွင်သက်သေအထောက်အထားအဖြစ် လည်းကောင်း အသုံးပြုနိုင်ပါကြောင်း။

အစိုးရဌာနများအနေဖြင့် ဌာနများက ထုတ်ပြန်လိုက်သည့် မူဝါဒများ၊ လုပ်ဆောင်ချက်များ၊ ဖွဲ့စည်းမှုများနှင့် လုပ်ငန်းရပ်များကို ပြန်လိုအပ်သည့်အခါ သိရှိရန်နှင့် ဌာနများက ဖန်တီးလိုက်သည့် မော်ကွန်းများကို ပြန်လည်ရည်ညွှန်းကိုးကားအသုံးပြုရန် အတွက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကြီး အောင်မြင်စွာ လည်ပတ်နိုင်ရန် အမျိုးသားမော်ကွန်းတိုက်သည် မရှိမဖြစ် အရေးပါပါကြောင်း။

စုဆောင်းထားသည့် မော်ကွန်းမှတ်တမ်းများထဲမှ သတင်းအချက်အလက်ရှာဖွေလိုသည့် သုတေသီများအတွက်၊ လိုအပ်သည့်အချက်အလက်များကို အလွယ်တကူ ရှာဖွေနိုင်ရန် NAIS (National Archives Information System)ကို စနစ်တကျ စီစဉ်တည်ဆောက်ပေးထားပြီး ဝန်ဆောင်မှု အပြည့်အဝပေးနေမည်ဖြစ်ပါကြောင်း။

မော်ကွန်းတိုက်တိုင်းတွင် မရှိမဖြစ် ပါဝင်ရမည့် Show Room လည်းပါရှိပြီး မြန်မာပြည်သူလူထုတို့၏ အမျိုးသားရေးစိတ်ဓာတ်ကို နိုးကြားတက်ကြွစေသည့် သမိုင်းဆိုင်ရာ အထောက်အထားများဖြစ်သည့် အုပ်ချုပ်ရေးယန္တရား၊ ခေတ်ကာလအလိုက် မော်ကွန်းများ၊ ထင်ရှားသည့် အထောက်အထား စာချုပ်စာတမ်းများ၊ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ လက်ရေးမူများနှင့် တံဆိပ်တော်များကို ခင်းကျင်းပြသလျက်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကိုရေးမည်ဆိုလျှင် မော်ကွန်းများကို အကိုးအကားပြုရမည်ဖြစ်ပါကြောင်း၊ မော်ကွန်းများမှတစ်ဆင့် အဆိုသစ်များ ရနိုင်ပါကြောင်း၊ မသိရသေးသည့် အကြောင်းအရာသစ်များ ရနိုင်ပါကြောင်း၊ အဆိုအမိန့်များ၊ အကြောင်းအရာတစ်ခုပေါ် ပြန်လည်ရေးသားထားချက်များ၊ ဝေဖန်ဆွေးနွေးထားချက်များ၊ စုဆောင်းထားချက်များ စသည့်မော်ကွန်းမှတ်တမ်းများသည် သမိုင်းအကြောင်းအရာများကို အထောက်အကူပြုသည့် နည်းတူမူရင်းမှတ်တမ်းများဖြစ်သည့်အတွက် အထောက်အထားများကိုပို၍ ခိုင်လုံစေပါကြောင်း။

မော်ကွန်းတိုက်၏ သဘောသဘာဝသည် သတင်းအချက်အလက်ပေးသည့်အခါ စာကြည့်တိုက်များကဲ့သို့ အသေးစိတ်ဖန်တီးပေးရန် မဟုတ်ပါကြောင်း၊ မော်ကွန်းတိုက်အနေဖြင့် စာဖတ်သူသုတေသီများမှ မော်ကွန်းမှတ်တမ်းများကို စာကြည့်တိုက်ကဲ့သို့ တိုက်ရိုက်မရှာတွေ့နိုင်ပါကြောင်း၊ သုတေသီများအနေဖြင့် မိမိလိုအပ်သော သတင်းအချက်အလက်များကို မော်ကွန်းတိုက်တာဝန်ရှိသူထံမှ ယေဘုယျသာရရှိနိုင်ပြီး အသေးစိတ်ကို ကိုယ်တိုင်ရှာဖွေဖတ်ရှုရမည်ဖြစ်ပါကြောင်း။

နိုင်ငံ၏ပြယုဂ်တစ်ခုဖြစ်သည့် အမျိုးသားမော်ကွန်းတိုက်အနေဖြင့် ရယူစုဆောင်းထားသည့် မော်ကွန်းမှတ်တမ်းများကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အကျိုးရှိစွာ ပြန်လည်အသုံးချစေချင်ပါကြောင်း၊ မော်ကွန်းတိုက်အား အသုံးပြုသူများ လေလေ အောင်မြင်မှုများ မြင့်မားလေလေဆိုသလို ယခု နေပြည်တော် မော်ကွန်းတိုက် ပထမအဆင့်ဖွင့်ပြီးသည့်နောက် အသုံးပြုသူ အရေအတွက်များ တိုးပွားလာစေရေးနှင့် နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်သည့် မော်ကွန်းတိုက်တစ်ခုဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်)အား နေပြည်တော် အထူးစီမံကိန်းများ ဖွံ့ဖြိုးရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၀ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ ၂၀၁၂ ခုနှစ် ဧပြီ ၄ ရက်တွင် လုပ်ငန်းလွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တည်ဆောက်ရေးလုပ်ငန်းများအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုအခါနေပြည်တော် မော်ကွန်းတိုက်တွင် ပါဝင်သော အဆောက်အအုံ ငါးခုအနက် အဆောင် A နှင့် E တို့ ရာနှုန်းပြည့်ပြီးစီး၍ သုတေသီဝန်ဆောင်မှုလုပ်ငန်းများအား ယခု ဘဏ္ဍာရေးနှစ်မှ စတင်၍ နေပြည်တော်မော်ကွန်းတိုက်တွင် စတင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မော်ကွန်းတိုက်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။**

(သတင်းစဉ်)



**မော်ကွန်းတိုက်အဆောက်အအုံအား တွေ့ရစဉ်။**

(သတင်းစဉ်)

# အမေရိကန်က တင့်ကားဖျက်လက်နက် ၂၀၀၀ အား အီရတ်သို့ ပေးပို့

**ဝါရှင်တန် မေ ၂၂**

အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့အား တိုက်ခိုက်နေသော အီရတ်တပ်ဖွဲ့များထံ တင့်ကားဖျက်လက်နက် ၂၀၀၀ ပေးပို့ကူညီမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂၁ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ လက်နက်များသည် လာမည့်ရက်သတ္တပတ်အစောပိုင်းတွင် အီရတ်သို့ ရောက်ရှိမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စတိဗ်ဝါရန်းက ၎င်း၏ ကြေညာချက်တွင် ဖော်ပြသည်။ ၎င်းပြင်အိုင်အက်စ်အဖွဲ့များက ကားဗုံးများဖောက်ခွဲမှုများအပေါ် အားထားလာမှုများအား တုံ့ပြန်မှုအတွက် သင့်လျော်သော ခဲယမ်းမီးကျောက်များနှင့် အသုံးအဆောင် ကိရိယာများပေးအပ်မည်ဟု အဆိုပါကြေညာချက်တွင် ပါရှိသည်။

လွန်ခဲ့သည့် ရက်ပေါင်း ၃၀ ကျော်ကလည်း အမေရိကန်က လက်နက်ငယ်ကျည် ၂၂ သန်းနှင့် စိန်ပြောင်း ကျည် ၁၂၀၀၀ ခန့်အား အီရတ်ကြည်းတပ်သို့ ပေးအပ်ခဲ့သည်။

အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါအယ်လ်အဘာဒီ ဧပြီလအတွင်း အမေရိကန်ပြည်ထောင်စုသို့ လာရောက်ခဲ့ပြီးနောက် အမေရိကန်က အီရတ်တို့ မိုင်းခုခံရေးနှင့် ချုံခိုတိုက်ခိုက်မှုကာကွယ်ရေးယာဉ်(MARP)အစီး ၂၅၀၊ ဟဲလ်ဖိုင်းယားဒုံးကျည် အစင်း ၂၀၀၀၊ ကျည်ကာဝတ်စုံနှင့် ဦးထုပ်အစုံ ၁၀၀၀၀၊ လက်နက်ငယ်၊ တင့်ကားပစ်အမြောက်နှင့် တင့်ကားဖျက်လက်နက်များအတွက် ကျည်အတောင့်ရေသန်းနှင့်ချီကာ ပေးအပ်ခဲ့ပြီးဖြစ်သည်။

အဆိုပါလက်နက်ခဲယမ်းများကို အီရတ်ဗဟိုအစိုးရက ၎င်း၏ကြည်းတပ်ဖွဲ့များအားဖြန့်ဝေပေးခဲ့ပြီး ကာ့ဒ်နှင့် ဆွန်နီတိုက်ခိုက်ရေးသမားများအား ဖြန့်ဝေပေးခဲ့ကြောင်း ဝါရန်း၏ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**



# အိန္ဒိယတိုက်လေယာဉ် အမြန်လမ်းမပေါ် အောင်မြင်စွာဆင်းသက်နိုင်



**နယူးဒေလီ မေ ၂၂**

အိန္ဒိယနိုင်ငံသည် လေယာဉ်များ ကားလမ်းများပေါ် အရေးပေါ် ဆင်းသက်နိုင်ရေးအတွက် စမ်းသပ်မှုများ ပြုလုပ်ရာတွင် ဂျက်တိုက်လေယာဉ်တစ်စင်းသည် အမြန်လမ်းမပေါ်သို့ အောင်မြင်စွာ ဆင်းနိုင်ခဲ့ကြောင်း ရိုက်တာက ယနေ့ဖော်ပြသည်။

မြို့တော်နယူးဒေလီနှင့် အာဂရာ ဆက်သွယ်သော ယမုံနာအမြန်လမ်းမကြီးပေါ်သို့အိန္ဒိယလေတပ်မှ မီရပ်ချ်-၂၀၀၀ တိုက်လေယာဉ်တစ်စင်းသည် မေ ၂၁ ရက်နေ့ နံနက်စောစောပိုင်းတွင် ဆင်းနိုင်ခဲ့သည်။

၎င်းအမြန်လမ်းသည် ၁၀၂ မိုင်ရှည်လျား၍ အိန္ဒိယနိုင်ငံ၏ ခေတ်အမီဆုံး အဝေးပြေးလမ်းများ အနက်တစ်လမ်းအပါအဝင် ဖြစ်သည်။

လေယာဉ်များသည် မြေပြင်သို့ ရုတ်တရက် ဆင်းရန်အကြောင်းပေါ် ပေါက်လာခဲ့သော် လေယာဉ်ပြေးလမ်းအဖြစ် အသုံးပြုရေးအတွက် အမြန်လမ်းမကြီးများကို အဆင့်မြှင့်တင်ရန် လေတပ်က စီစဉ်လျက်ရှိသည်။

ယမုံနာအမြန်လမ်းမကြီးပေါ်သို့ လေယာဉ်ဆင်းခြင်း၊ ပျံတက်ခြင်းတို့ကို ဒေသခံရွာသူရွာသားများနှင့် အတူ လေတပ်မှ အဆင့်မြင့်အရာရှိကြီး တက်ရောက် ကြည့်ရှုခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

လေယာဉ်အတက်အဆင်း လေ့ကျင့်သောအမြန်လမ်းမကြီးတစ်လျှောက် ရဲတပ်ဖွဲ့ဝင်အများအပြားကို လုံခြုံရေးစောင့်ကြပ်ရန် ဖြန့်ကြက်ထားသည်။

ယာယီလေကြောင်း ထိန်းသိမ်းရေးစခန်းကို တည်ဆောက်ထားပြီး ၄က်စောင့်ကြည့်သူများ၊ မီးသတ်ကားများ၊ ကယ်ဆယ်ရေးယာဉ်များကို အဆင်သင့်ထားရှိသည်ကို ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်သည်။ လေ့ကျင့်နေစဉ်အတွင်း လမ်းမကြီးကို နာရီအနည်းငယ်မျှ ပိတ်ထားသည်ဟု သတင်းများက ဖော်ပြသည်။လေတပ်အခြေစိုက်စခန်းများကို တိုက်ခိုက်ခြင်းခံရလျှင် အဝေးပြေးလမ်းမကြီးများကို လေယာဉ်ပြေးလမ်းများအဖြစ် အသုံးပြုမည်ဟုဆိုသည်။ **ရိုက်တာ။**

# ဂျပန်သခွားမွှေးသီးနှစ်လုံး လေလံပွဲ၌ ကန်ဒေါ်လာ ၁၂၀၀၀ ကျော် ရရှိ

**တိုကျို မေ ၂၂**

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးစီရင်စု မြောက်ပိုင်း ယူဘာရီမြို့တော်တွင် စိုက်ပျိုးခဲ့သည့် သခွားမွှေးသီးနှစ်လုံးမှာ ဟော့ကိုင်းဒိုးကျွန်းမြို့တော် ဆပ်ပိုရိုရှိ လက်ကားဈေးတစ်ခု၌ ကျင်းပသော သစ်သီးလေလံပွဲတွင် ယန်း ၁ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၁၂၄၁၇ နီးပါးခန့်) ထိ စံချိန်တင်ဈေးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဈေးနှုန်းမှာ ပြီးခဲ့သည့် ဆယ်နှစ်အတွင်း စတုတ္ထမြောက် အမြင့်ဆုံးရရှိသည့်ဈေးဖြစ်သည်။ ဒေသန္တရမီဒီယာများ၏အဆိုအရ ပြီးခဲ့သည့်နှစ် လေလံပွဲတွင် ယင်းသို့သော သခွားမွှေးသီးနှစ်လုံးမှာ ယန်း ၂ ဒသမ ၅ သန်း (အမေရိကန်ဒေါ်လာ ၂၀၆၉၅ နီးပါး) ဈေးရရှိခဲ့သည်။ လေလံအောင်ခဲ့သူ ဆပ်ပိုရိုအခြေစိုက် သစ်သီးလက်ကားရောင်းချသည့် ဆိုင်မှ မန်နေဂျာတစ်ဦးဖြစ်သူ ကာဇူအိုဝါတာရိုင်းက လေလံအောင်သည့်အတွက် စိတ်ချမ်းမြေ့မှုရရှိခဲ့ကြောင်း ပြောကြားသည်။ ၎င်းသည် လွန်ခဲ့သည့်နှစ်နှစ်က အလားတူလေလံပွဲတွင်လည်း လေလံအောင်ခဲ့သူဖြစ်သည်ဟု ကျိုဒိုသတင်းဌာနက ပြောကြားသည်။

ယူဘာရီနယ်ထွက် အခြားသခွားမွှေးသီး အလုံး ၄၀ ကိုလည်း မေ ၂၂ ရက်က လေလံတင်ခဲ့သည်။ ဈေးအရဆုံးသော သခွားမွှေးသီးနှစ်လုံးကို နီဂါတာစီရင်စု နီဂါတာမြို့တော်ရှိ စူပါမားကတ်တစ်ခုတွင် ခင်းကျင်းပြသမည်ဟု မျှော်လင့်ရကြောင်း အဆိုပါ သတင်းကဆိုသည်။ ဟော့ကိုင်းဒိုးကျွန်းမြောက်ပိုင်း ယူဘာရီမြို့တော်တွင် စိုက်ပျိုးထုတ်လုပ်သော သခွားမွှေးသီးများမှာ အရည်အသွေးမြင့်မားသည်ဟု ယူဆထားသောကြောင့် ဂျပန်နိုင်ငံ၌ တစ်ဦးနှင့်တစ်ဦး လက်ဆောင်များအဖြစ် ပေးပို့လေ့ရှိကြသည်။ **ကျိုဒိုနယူးစ်။**



**ဆပ်ပိုရိုအခြေစိုက်သစ်သီး လက်ကား ရောင်းချသည့် ဆိုင်မှ မန်နေဂျာ ကာဇူအိုဝါတာရိုင်းက လေလံ အောင်သည့် သခွားမွှေးသီး နှစ်လုံးအား ကိုင်ဆောင်ပြနေစဉ်။**

# အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၌ တရုတ်နှင့်အိန္ဒိယ အစုရှယ်ယာအများဆုံးပိုင်ဆိုင်ဖွယ်ရှိ

**စင်ကာပူ မေ ၂၂**

အာရှ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (အေအိုင်အိုင်ဘီ)၏ အကြီးဆုံးသော အစုရှယ်ယာရှင်များမှာ တရုတ်နှင့်အိန္ဒိယတို့ ဖြစ်မည်ဖြစ်ကြောင်း အဆိုပါဘဏ်၏ မူလအဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များက မေ ၂၂ ရက်တွင် ပြောကြားကြသည်။

တရုတ်နိုင်ငံသည် အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၌ အစုရှယ်ယာ ၂၅ မှ ၃၀ ရာခိုင်နှုန်းအထိ ထည့်ဝင်ဖွယ်ရှိကြောင်း ကိုယ်စားလှယ်များက ပြောကြားကြသည်။

ယခုနှစ်ကုန်ထက်နောက်မကျဘဲ အေအိုင်အိုင်ဘီဘဏ်၏ လုပ်ငန်းများကို စတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။


အေအိုင်အိုင်ဘီ ထူထောင်ရာတွင် ပါဝင်သည့် မူလအဖွဲ့ဝင်နိုင်ငံများ၏ သုံးရက်ကြာအစည်းအဝေးကို စင်ကာပူနိုင်ငံ၌ မေ ၂၀ ရက်တွင် စတင်ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးကို စေ့စပ်ဆွေးနွေးရေးမှူးများ၏ ပဉ္စမအကြိမ်အစည်းအဝေးဟု အမည်ပေးထားပြီး ဘဏ်ထူထောင်ရေး သဘောတူညီချက်အတွက် အခြေခံစည်းမျဉ်းများကို အပြီးသတ်ရေးဆွဲခဲ့ကြသည်။

အာရှအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ထူထောင်ခြင်းဆိုင်ရာ သဘောတူညီချက်ကို ဇွန်လကုန်ထက် နောက်မကျဘဲ လက်မှတ်ရေးထိုးရန် အသင့်ရှိမည်ဟု မျှော်လင့်ရသော်လည်း အသေးစိတ်မသိရပေ။

အဆိုပါဘဏ်၌ အိန္ဒိယနိုင်ငံက ဒုတိယအများဆုံး အစုရှယ်ယာပိုင်ဆိုင်မည်ဖြစ်ကြောင်း အမည်မဖော်သူ ကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။ **ရိုက်တာ။**



လူမှောင်ခိုစက်လှေအတွင်း လိုက်ပါလာသော ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား များအား တွေ့ရစဉ်။




❂ မောင်တောမှ

အဆိုပါ စက်လှေများအနက် အရှယ်အစား အလျားပေ ၈၀၊ အနံ ၂၀ ဒသမ ၅ ပေ၊ ရေစူးခြောက်ပေ၊ အင်ဂျင်(EK-100)၊ မြင်းကောင်ရေ ၁၅၀ တပ်ဆင်ထားသော တံကေးစက်လှေတစ်စင်းမှာ ထိုင်းနိုင်ငံ ရနောင်းမြို့နေ အုမင့်ဆိုသူ ပိုင်ဆိုင်ကြောင်း၊ ယင်းစက်လှေသည် ရနောင်းမြို့မှ ဧပြီ ၈ ရက်တွင် ထွက်ခွာခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်သို့ ဧပြီ ၁၃ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစက်လှေသည် ဧပြီ ၂၀ ရက်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အတွင်းရှိ အုန်းကျွန်းအနောက်ဘက် ပင်လယ်ပြင်တွင် ရပ်တန့်ထားရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို လှေငယ်များဖြင့် အဖွဲ့လိုက် အဆိုပါစက်လှေပေါ်သို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို တင်ဆောင်၍ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ပို့ဆောင်ပေးရန် ထွက်ခွာခဲ့ခြင်းဖြစ်သော်လည်း ၎င်းနိုင်ငံများတွင် ပင်လယ်ပြင်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသဖြင့် မေ ၁၅ ရက်တွင် နောက်ကြောင်းသို့ ပြန်လှည့်ပြီး မောင်းနှင်လာစဉ် မြိတ်မြို့နေ ကိုခိုင်ဆိုသူ ပိုင်ဆိုင်သော စက်လှေတစ်စင်းနှင့်အတူ မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။


၎င်းမြိတ်မြို့မှ စက်လှေတစ်စင်းမှာ အလျား ၆၈ ပေ၊ အနံ ၁၆ ဒသမ ၉ ပေ၊ ရေစူး ငါးပေ၊ အင်ဂျင်(TWK-6) တပ်ဆင်ထားပြီး ထိုင်းလူမျိုး အုမင့်ပိုင်ဆိုင်သော စက်လှေသို့ ရိက္ခာလိုက်ပို့ခြင်းဖြစ်ကြောင်း၊ ယင်းစက်လှေမှာ မေ ၄ ရက်တွင် ကော့သောင်းမှ ထွက်ခွာခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်သို့ မေ ၁၂ ရက်တွင် ရောက်ရှိခဲ့ပြီး မေ ၂၁ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရခြင်းဖြစ်သည်။

အဆိုပါစက်လှေနှစ်စင်းပေါ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇား၊ စစ်တကောင်းနှင့် ဒါကာမြောက်ခြမ်းတွင် နေထိုင်ကြသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး၊ မြိတ်၊ ထားဝယ်မြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ လှေသမား ၁၇ ဦးနှင့် နိုင်ငံသားစိစစ်ဆဲ စကားပြန် ဘင်္ဂါလီသုံးဦး စုစုပေါင်း ၂၂၈ ဦး လိုက်ပါလာကြောင်း၊ ၎င်းတို့မှာအသက် (၁၄)နှစ် ခန့်ရှိသူ ၁၀ ဦးနှင့် အသက်(၃၀)မှ(၄၀)နှစ်ခန့်ရှိသူများဖြစ်ကြောင်း သိရသဖြင့် ထိန်းသိမ်းခေါ်ဆောင်ခဲ့ပြီး မေ ၂၂ ရက် နံနက်ပိုင်းတွင် အငူမော်ကျေးရွာ၌ သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

၎င်းပင်လယ်တွင်း လှေစီးဒုက္ခသည်များအား အလယ်သံကျော်ကျေးရွာသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ခေါ်ဆောင်၍ယာယီစခန်းဖွင့်လှစ်ကာ လိုအပ်သော စိစစ်မှုများ ထပ်မံပြုလုပ်လျက်ရှိကြောင်းနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)မှ လည်း ထောက်ပံ့ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဖုန်ကြားရှင် ဦးစီးသော သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသ၊ စီကော်လုံဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသတို့အား တပ်မတော်က တိုက်ခိုက်ချေမှုန်း



လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ။

**နေပြည်တော် မေ ၂၂**

ဖုန်ကြားရှင် ဦးစီး MNDAA သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသ၊ စီကော်လုံဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသတို့အား တပ်မတော်က ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ပြီး သောင်းကျန်းသူအကြွင်းအကျန်များကိုပါ ဆက်လက်အောင်မြေချဲ့ ရှင်းလင်းတိုက်ထုတ်လျက်ရှိရာ ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများသည် တဖြည်းဖြည်းနယ်မြေကျဉ်းမြောင်းလာသဖြင့် ၎င်းဒေသမှ အင်အားများကို စုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၁)မှ ဝင်ရောက်ပြီး မာလုရွှေဒေသအတွင်းရှိ တောင်ကုန်းများတွင် အခိုင်အမာ အခြေပြုခံစစ်ဆင်ခဲ့သည်။

မာလုရွှေဒေသအတွင်း MNDAA သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မေလ ပထမပတ်မှ စတင်၍ တိုက်ခိုက်ချေးမှုန်းခဲ့ရာ မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ပွိုင့်-၁၆၀၇ တောင်ကုန်း၊ ပွိုင့်-၁၇၀၉ တောင်ကုန်းနှင့် ပွိုင့်-၁၇၄၂ တောင်ကုန်းများအား သိမ်းပိုက်ရရှိခဲ့ပြီး သောင်းကျန်းသူများသည် ဆုတ်ခွာထွက်ပြေး၍ နှစ်နိုင်ငံနယ်နိမိတ် မှတ်တိုင်အမှတ်(၁၁၁)အနီးရှိ ပွိုင့်-၁၇၈၈ တောင်ကုန်းတွင် အခြေပြုခံစစ်ဆင်ခဲ့သည်။

ပွိုင့်-၁၇၈၈ တောင်ကုန်းအား တပ်မတော်စစ်ကြောင်းများက မေ ၂၁ ရက် နံနက် ၁၀ နာရီမှစတင်၍ ထိုးစစ်ဆင်တိုက်ခိုက်ချေမှုန်းခဲ့ရာ သောင်းကျန်းသူများက မြေအနေအထား အသာစီးရယူကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်အားသုံး ခုခံတိုက်ခိုက်ခဲ့သည်။ တပ်မတော်စစ်ကြောင်းများကလည်း အမြောက်ပစ်ကူ၊ ခြေလျင်လက်နက်ကြီးပစ်ကူရယူပြီး ရဲရဲဝံ့ဝံ့ချဉ်းကပ်တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် ည ၈ နာရီတွင် ပွိုင့်-၁၇၈၈ တောင်ကုန်းအား အောင်မြင်စွာသိမ်းပိုက်ရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော သောင်းကျန်းသူများအား အမြစ်ပြတ်လိုက်လံတိုက်ခိုက်ချေမှုန်းလျက်ရှိသည်။

ဖြစ်စဉ်တွင် MNDAA သောင်းကျန်းသူများထံမှ အလောင်း ၁၁ လောင်း၊ အာရ်ပီဂျီ နှစ်လက်၊ ကေ(၁၂) သေနတ် နှစ်လက်နှင့် ခဲယမ်း၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှစစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# ဆရာတော် ဘဒ္ဒန္တစာရိတ္တ၏ သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဂုဏပူဇာသဘင် ကျင်းပမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသိဒ္ဓိရပ်ကွက် အနီး သဒ္ဓမ္မဇောတိကပုလ္လပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ စာရိတ္တ၏ သာသနဓဇ ဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ ဂုဏပူဇာသဘင် ဆင်ယင် ကျင်းပခြင်းအခမ်းအနားကို ၁၃၇၇ ခုနှစ် နယုန်လဆန်း ၁၄ ရက် [မေ ၃၁ ရက်(တနင်္ဂနွေနေ့)] နံနက် ၈ နာရီတွင် သဒ္ဓမ္မဇောတိကပုလ္လပရိယတ္တိစာသင်တိုက်ကြီး၌ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ဟောကြားတော်မူအပ်သော တရား တော်မြတ်တို့ကို အတူတကွ နာယူကြည်ညိုရန် ရပ်ဝေး ရပ်နီး ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားထား ကြောင်း သိရသည်။

ဂုဏပူဇာသဘင်အခမ်းအနား အထိမ်းအမှတ်အဖြစ် မေ ၂၉ ရက်တွင် အရှင်သုမန(မဟာစည်နယ်လှည့် ဓမ္မကထိက)ဆရာတော်နှင့် မေ ၃၀ ရက်တွင် ဘဒ္ဒန္တစာရိတ္တ (သာသနဓဇဓမ္မာစရိယ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ) ဆရာတော်များက ဓမ္မပူဇာသဘင်နှင့် တရားရေအေး အမြိုက်ဆေး တိုက်ကျွေးဟောပြောမည်ဖြစ်ပြီး မေ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် လဝန်းရတနာဇာတ်သဘင်အဖွဲ့မှ ဂုဏ်ပြုပူဇော် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သန်းဦး-လေးမျက်နှာ)**




**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင်ဆရာတော်ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေ ကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးဝင်းလွင်က လက်ခံယူစဉ်။**

(ကြေးမုံ)

# အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲကျင်းပ

**ရန်ကုန် မေ ၂၂**

၂၀၁၅ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)ကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာ၊ သိပ္ပံ ပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲကို ပြောင်းလဲဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ နိုင်ငံတကာ ဆက်ဆံရေးအခြေအနေနှင့်အညီ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မေ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်များ ပဋိညာဉ်ရေးဆွဲရေးနှင့် လွတ်လပ်စွာရပ်တည်နိုင်ရေးစာတမ်း၊ တက္ကသိုလ်ဝင်ခွင့် ပြုပြင်ပြောင်းလဲရေးစာတမ်း၊ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုစာတမ်း၊ အမျိုးသားအဆင့် အရည်အသွေးမူဘောင်စာတမ်း၊ ဘာသာရပ်မြှင့်တင်ရေးအတွက် ဘာသာရပ်အလိုက် နှီးနှောဖလှယ်ပွဲများကျင်းပရေးနှင့် Symposium ထူထောင်နိုင်ရေးစာတမ်းနှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍ ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ အထိ ငါးနှစ်စီမံကိန်းစာတမ်းတို့ကို အဓိကဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါစာတမ်းတွင် အဆင့်မြင့်ပညာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရေး၊ အမျိုးသားပညာရေးဥပဒေပါ ကော်မရှင်နှင့် ကော်မတီများအကြောင်း၊ ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် ရပ်တည်သော နိုင်ငံပိုင်အဆင့်မြင့်ပညာကျောင်းများအဖြစ် ရပ်တည်နိုင်ရေးကိစ္စ၊ အသွင်ကူးပြောင်းရေးကာလတွင် ဆောင်ရွက်ရမည့် အစီအစဉ်နှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်း ရေးဆွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် တက္ကသိုလ်အသီးသီးက ရေးဆွဲထားသော တက္ကသိုလ်ပဋိညာဉ်စာတမ်း(မူကြမ်း)များအပေါ် လေ့လာတွေ့ရှိချက်တို့ပါဝင်ပြီး တက်ရောက်လာသူများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တက္ကသိုလ်ပညာရေးဆွေးနွေးပွဲများကို ၁၉၆၄ ခုနှစ်၊ ၁၉၇၉ ခုနှစ်၊ ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၈၂ ခုနှစ်တို့တွင်လည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍပညာရေးမြှင့်တင်မှုနှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်အထိ လည်းကောင်း၊ အမျိုးသားပညာရည် မြှင့်မားရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ)များကို ၂၀၀၅ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အဆင့်မြင့်ပညာကဏ္ဍ)ကိုလည်းကောင်း ကျင်းပခဲ့ကြောင်း သိရသည်။

**(ပညာရေး)**

# သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေနှင့် သက်တမ်းတိုးဆောင်ရွက်ရန် အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်း အမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်း အဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။


ထိုသို့ဆောင်ရွက်ပေးခဲ့ရာ(၂၂-၅-၂၀၁၅)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး (၇)ဦးကိုလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် (၆)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၄)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၃)ဦး၊ အထွေထွေထုတ်ဝေခွင့် (၁၃)ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ် (၁)ဦး၊ ပေါင်း လုပ်ငန်းအသစ်(၂၇)ဦး တို့အားလည်းကောင်း၊ ထုတ်ဝေသူအမည်ပြောင်း (၁)ဦး၊ လုပ်ငန်းအမည်ပြောင်း (၃)ဦးနှင့် လုပ်ငန်းလိပ်စာပြောင်း (၂)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၆)ဦးနှင့် အသစ်လျှောက်ထားသူ (၁၆၆)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၆)ဦးနှင့် အသစ်လျှောက်ထားသူ (၄၀၁)ဦး၊ သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ (၁၁)ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၄၉၀)စောင် အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ (၁)ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ(၁)ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ယခင် ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ခွင့်ပြုထားသည့် ပုံနှိပ်သူထုတ်ဝေသူများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လိုပါက (၁-၃-၂၀၁၅)ရက်နေ့နောက်ဆုံးထားပြီး လုပ်ငန်းအသိအမှတ်ပြုလက်မှတ် သက်တမ်းတိုးရန် အသိပေးကြေညာချက်ကို (၁၁-၁၂-၂၀၁၄)ရက် နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာထားခဲ့သော်လည်း ယနေ့အချိန်ထိ ပုံနှိပ်လုပ်ငန်းရှင် (၄၀၀)နှင့် ထုတ်ဝေလုပ်ငန်းရှင် (၄၆၁) ဦး စုစုပေါင်းလုပ်ငန်းရှင် (၈၆၁)ဦးတို့မှာ သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိ သည်ကို တွေ့ရှိရပါသည်။ အဆိုပါလုပ်ငန်းရှင်များ နစ်နာမှုမရှိစေရေးအတွက် လုပ်ငန်းဆက်လက်ဆောင်ရွက်ကြမည့် ပုံနှိပ်ထုတ်ဝေလုပ်ငန်းရှင်များအနေဖြင့် (၃၀-၆-၂၀၁၅)ရက်နေ့နောက်ဆုံးထားပြီး သက်တမ်းတိုးဆောင်ရွက်ကြပါရန် ထပ်မံအသိပေးအပ်ပါသည်။ သတ်မှတ်ကာလအတွင်း သက်တမ်းတိုးဆောင်ရွက်ခြင်းမရှိသည့် ပုံနှိပ်သူ ထုတ်ဝေသူ မှတ်ပုံတင်သက်သေခံလက်မှတ်များကို မှတ်ပုံတင်စာရင်းပယ်ဖျက်၊ ပိတ်သိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ




ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀)နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ သုံးခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်း နှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး(MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြ

**နေပြည်တော် မေ ၂၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF) မှ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းချေးယူခွင့်နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်ကလည်းကောင်း၊ စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ၂၅,၈၈၈ သန်း ချေးယူခွင့်နှင့် စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ချေးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ဆက်လက်၍ အနည်းဆုံးလုပ်ခလစာ သတ်မှတ်နိုင်ရေးကိစ္စ အပါအဝင် အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေးလေ့လာရေး ပူးပေါင်းကော်မရှင်၏ အစီရင်ခံစာ အပိုဒ်(၂၄)မှ (၃၃) အထိပါဝင်သော သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ ဆောင်ရွက်ပြီးစီးမှုအခြေနေများ အပါအဝင် လက်ရှိကာလအထိ တိုးတက်ပြီးစီးမှုများနှင့် စပ်လျဉ်း၍ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်က ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ရေကူးအသံလွှင့်စက်ရုံဟောင်းဝင်းအတွင်းရှိ မြေဧက (၉၀)ခန့်ကို ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းပေးအပ်မည့် တင်ဒါခေါ်ယူမှုကို ပြန်လည်သုံးသပ်ပြီး စီမံကိန်းဆောင်ရွက်ရန် သင့်၊ မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ဆိုင်းငံ့ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက ထောက်ခံကြောင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**



**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်အသစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်အသစ် ဒေါက်တာအက်စ်ဂျိုင်ရှန်ကာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး နိုင်ငံခြားရေးအတွင်းဝန်အသစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Shri Gautam Mukhopadhaya လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော် မေ ၂၂**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMITကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၁ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း-၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့တော် ယာဉ်ကြောပိတ်ဆို့မှုလျော့ကျစေမည့် ပထမဦးဆုံး အငှားယာဉ်ဝန်ဆောင်မှုလုပ်ငန်း မိတ်ဆက်ရှင်းလင်း

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့တော်၏ ပထမဦးဆုံး အငှားယာဉ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုဖြစ်သော ဖုန်းဖြင့် ခေါ်ယူသည့် အငှားယာဉ် ဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်သည့် မိတ်ဆက်ရှင်းလင်းပွဲကို မေ ၂၀ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း၌ ကျင်းပရာအငှားယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ အပါအဝင် စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဖုန်းဖြင့်ခေါ်ယူ ငှားရမ်းနိုင်သည့် Taxi call centre အငှားယာဉ် ဝန်ဆောင်မှုကို အငှားယာဉ်ပေါင်း ၁၅၀၀ ဖြင့် မကြာမီ စတင်ပြေးဆွဲတော့မည်ဖြစ်သည်။

ရုပ်ရှင်မင်းသား ဝေဠုကျော် အပါအဝင် ယင်းဝန်ဆောင်မှုတွင် အဓိကပါဝင်သူများက ၎င်းတို့နှင့်အတူ လက်တွဲပူးပေါင်းကြရန် အငှားယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများကို ဖိတ်ခေါ်ထားကြောင်း သိရသည်။ ဝန်ဆောင်မှုတွင် အဓိကပါဝင်သူတစ်ဦးဖြစ်သော ကိုဝင်းဆွေဦးက ၎င်းတို့အဖွဲ့သည် အငှားယာဉ် ငှားရမ်းစီးနင်းသူများကို သက်သောင့်သက်သာနှင့် ဘေးကင်းရန်ကင်းရှိအောင် ဝန်ဆောင်မှုပေးသွားမှာဖြစ်ကြောင်း၊ ၎င်းတို့၏ ဝန်ဆောင်မှုသည် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရုံသာမက လောင်စာဆီသုံးစွဲမှုကိုပါ လျော့ကျသွားစေမှာ ဖြစ်ကြောင်း၊ အငှားယာဉ်များမှာ ဖောက်သည်မရမချင်း လမ်းတစ်လျှောက် ပြေးလွှားနေမှာမဟုတ်ဘဲ ရပ်နားထားတဲ့အတွက်ကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

ကားအငှားပေးထားသော အငှားယာဉ်ပိုင်ရှင်များမှာ ၎င်းတို့၏ ကားများကို ပြုပြင်ထိန်းသိမ်းခ မကုန်သည့်အပြင် ကားတစ်စီးကို တစ်လလျှင် သုံးသိန်း ရရှိမှာဖြစ်ကြောင်း၊ ယာဉ်မောင်း အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသော ယာဉ်မောင်းများကို ခန့်ထားမည်ဖြစ်ပြီး လစာမှာ တစ်သိန်းရှစ်သောင်းမှ သုံးသိန်းငါးသောင်းအထိ ပေးမှာဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၀ တွင် အငှားယာဉ်ပေါင်း ငါးသောင်းကျော်ရှိသည်ဟု ခန့်မှန်းရကြောင်း သိရသည်။

**(ကျော်သဲအိမ်)**

# မြန်မာသင်္ဘောသား ၂၂ ဦးအား နစ်နာကြေး/လျော်ကြေးပေးအပ်

**ရန်ကုန် မေ ၂၂**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသ ကမ်းလွန် Okhotsk ပင်လယ်ပြင်၌ ဧပြီ ၁ ရက်က နစ်မြုပ်ခဲ့သည့် ရုရှားငါးဖမ်းရေယာဉ် Dalniy Vostok ဖြစ်စဉ်တွင် ပါဝင်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသား ၂၂ ဦးအတွက် နစ်နာကြေး/လျော်ကြေး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၆၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးသောင်းကြိုင်က နစ်နာကြေး/လျော်ကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန သင်္ဘောသားဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမြင့်က ဖြစ်စဉ်တွင် အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ နှုန်းဖြင့် ပေးအပ်သည်။

ရုရှားသင်္ဘောကုမ္ပဏီက ပေးအပ်သော အဆိုပါနစ်နာကြေး/လျော်ကြေး အမေရိကန်ဒေါ်လာ ၆၆၀၀၀ သည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက လွှဲပြောင်းရရှိခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ မြန်မာသင်္ဘောသား ၂၂ ဦးသို့ ယနေ့တွင် ပြန်လည်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသတို့မှ ဦးစီးအဖွဲ့ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက မိမိတို့ဒီမိုကရေစီအစိုးရ တာဝန်ထမ်းဆောင်ခဲ့သည်မှာ ၄ နှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းလေးနှစ်ကျော်ကာလအတွင်း ရှမ်းပြည်နယ် မြောက်ပိုင်းသို့ မကြာခဏရောက်ရှိခဲ့ပြီး အခွင့်အခါသင့်သည့်အခါတိုင်း ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံကာ ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် ပညာရေး၊ ကျန်းမာရေး၊ သာသနာရေး၊ လူမှုရေး၊ သဘာဝဘေးဆိုင်ရာကိစ္စများ၊ လမ်း၊ တံတား၊ ရေ၊ မီးနှင့် တိုင်းရင်းသားရေးရာကိစ္စများ အစရှိသည့်ကိစ္စရပ်များအား မိမိအနေဖြင့်လုပ်ပေးနိုင်သည်များကို ရှမ်းပြည်နယ်အစိုးရ၊ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခုအကြိမ်တွင်လည်း လားရှိုးမြို့နယ်အတွင်းရှိ ဆောင်ရွက်ရန်ရှိသည့်ကိစ္စကြီးငယ်များကို နည်းလမ်းရှာဖွေ ဖြေရှင်းဆောင်ရွက်သွားရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက လားရှိုးမြို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သဘာဝဘေးအန္တရာယ်၊ လမ်း၊ တံတား၊ သောက်သုံးရေ၊ လျှပ်စစ်မီး၊ လူမှုရေးအစရှိသည့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဆိုင်ရာအချက်အလက်များနှင့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူ၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကြူး၊ လားရှိုးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံမြင့်၊ သိန်းနီမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးစိုင်းမြင့်ထွန်း၊ တန့်ယန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမြင့်ရွှေ၊ မိုင်းရယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းသိန်းမောင်၊ ကွမ်းလုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးမင်းဆွေ၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်တို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဒေသအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ရှမ်း၊ ကချင်၊ ကိုးကန့်၊ "ဝ"၊ ပလောင်၊ လီဆူ၊ လားဟူ၊ ဗမာ၊ မုန်းဝန်း-ဗမာနှင့် မြောင်ဇီး စာပေနှင့်ယဉ်ကျေးမှုအဖွဲ့တို့အတွက် လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ စီကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က အဖွဲ့ခေါင်းဆောင်များထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်တို့က ဘာသာမရွေးနာရေးကူညီမှုအသင်းသို့ အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ဗိုလ်ချုပ်တင်အောင်ချစ်၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ တင်ပြချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဒေသ၏လိုအပ်ချက်များကို ယခုကဲ့သို့တင်ပြဆွေးနွေးကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ဒေသအလိုက် လိုအပ်ချက်များကို ဒေသအတွင်း တာဝန်ရှိသူများနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများ ဦးစွာပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်များကို ဖြေရှင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည်များကို အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(ပြန်/ဆက်)

---

## ○ ကျောဖုံးမှ

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချိန်းရိုင်းခရိုင် ဝီယံချိုင်းမြို့ ဒုန်းစီလာအုပ်စု စမာမစ်ကျေးရွာရှိ အေကရတ်လိမ္မော်စိုက်ပျိုးရေးခြံရှိ မြန်မာအလုပ်သမား ကျား ၄၂ ဦး၊ မ ၄၂ ဦး၊ ကလေးလုပ်သား ၂၆ ဦးတို့အား မေ ၁၅ ရက် နံနက် ၁၀ နာရီက လုပ်ငန်းခွင်အတွင်း ထိုင်းတာဝန်ရှိသူများက တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရှိရကာ အဆိုပါမြန်မာအလုပ်သမားများအပါအဝင် အခြားဖမ်းဆီးခံထားရသူ ငါးဦးတို့အား မေ ၂၂ ရက် မွန်းလွဲပိုင်းက မြန်မာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပေးမည်ဖြစ်ကြောင်း၊ မြန်မာအလုပ်သမားများ၏ မှတ်ပုံတင်နှင့် လုပ်ခလစာများရရှိရန် ကျန်ရှိနေကြောင်း သိရှိရသည့်အတွက် တာချီလိတ်ခရိုင် စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့၏ ပူးပေါင်းအစီအစဉ်ဖြင့် မြန်မာအလုပ်သမားများအတွက် နေ့လယ်စာထမင်းဘူးများ၊ သောက်ရေသန့်များအား ဝေငှပေးခဲ့သည်။

အဆိုပါမြန်မာနိုင်ငံသား ၈၉ ဦးအား မေ ၂၂ ရက် ညနေ ၃ နာရီက ထိုင်းနိုင်ငံတာဝန်ရှိသူများက တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)တွင် လာရောက်လွှဲပြောင်းပေးအပ်ရာ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လွှဲပြောင်းလက်ခံရယူကာ အားပေးစကားများပြောကြားပြီး မဟာမြတ်မုနိကျောင်းတိုက်တွင် ခေတ္တနေရာချထားပေးကာ စားဝတ်နေရေးအား စီစဉ်ထားရှိပေးသည်။

"ကျွန်မက ကျောက်ပန်းတောင်းမြို့နယ် တစ်သိန်းရွာကပါ။ ဒီလိမ္မော်ခြံမှာအလုပ်ဝင်တာ ၅ လလောက်ရှိပါပြီ။ လုပ်အားခ တစ်ရက်ကို ဘတ် ၁၇၀ ရပါတယ်။ စားသောက်ဖို့ ဆန်တို့ ဆီတို့ထုတ်ပေးပါတယ်။ အလုပ်လုပ်ရတာ ပျော်ပါတယ်။ အလုပ်ရှင်သူဌေးကလည်း တော်တော်သဘောကောင်းပါတယ်။ နိုင်ငံတော်ကနေ တရားဝင်အလုပ်လုပ်ခွင့်ရအောင် စီစဉ်ပေးမယ်ဆိုရင် ပြန်သွားချင်ပါတယ်"ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်အလုပ်လုပ်ကိုင်သူ မဇာနည်အောင်(၂၂)နှစ်က ပြောသည်။ အဆိုပါ တရားမဝင် အလုပ်သမားများမှာ ကျောက်ပန်းတောင်း၊ သာစည်၊ မိတ္ထီလာ၊ တောင်ကုတ်မြို့များမှ လာရောက်လုပ်ကိုင်ကြသူများဖြစ်ကြသည်။

အဆိုပါလိမ္မော်ခြံတွင် အလုပ်လုပ်ကိုင်နေကြသည့် အသက် ၁၄ နှစ်မှ ၁၈ နှစ်အကြား ကလေးလုပ်သား ၂၆ ဦးအား ချိန်းရိုင်းမြို့တွင် ထိန်းသိမ်းထားရှိသည့်အတွက် ယင်းကလေးလုပ်သား ၂၆ ဦး လွတ်မြောက်ရေးနှင့်တရားမဝင် မြန်မာအလုပ်သမားများ၏ မှတ်ပုံတင်အပါအဝင် အသုံးအဆောင်များ၊ ရက်သတ္တနှစ်ပတ်စာ လုပ်အားခများ ရရှိရေးတို့အတွက် CNCMC ကော်မတီမှ ထိုင်းနိုင်ငံ အလုပ်သမားဖူလုံရေးဌာန၊ မဲခေါင်မြစ်ဝှမ်းလူမျိုးစု ကယ်ဆယ်စောင့်ရှောက်ရေးဖောင်ဒေးရှင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

## ❖ မြန်မာယူ -၂၃ မှ

ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့သည်။ ၁၈ မိနစ်တွင် မြန်မာအသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရရှိခဲ့သော်လည်း လွဲချော်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသော်လည်း ဗီယက်နမ်အသင်း၏ အမြန်နှုန်းကို မြန်မာနောက်တန်း ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ အခွင့်အရေးများပေးခဲ့ရသည်။ ၃၂ မိနစ်တွင် ဗီယက်နမ်အသင်း ဂိုးရခဲ့ပြီး တိုက်စစ်မှူး ငုယင်ကောင်ဖောင်က ကွင်းလယ်စည်းမှ ဆွဲပြေးကာ မြန်မာနောက်ခံလူများကို ကျော်ဖြတ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများ ပြန်လည်ရရှိခဲ့သည်။ မြန်မာတိုက်စစ်မှူးများ၏ အဆုံးသတ်အားနည်းမှုကြောင့် မိနစ် ၇၀ ကျော်မှ ချေပဂိုးပြန်ရခဲ့သည်။ ၇၄ မိနစ်တွင် ရှိုင်းသူရကြောင့် ရရှိသည့် ပယ်နယ်တီကို အသင်းခေါင်းဆောင် နေလင်းထွန်းက သွင်းယူခဲ့သည်။ သရေဖြစ်ပြီး နှစ်မိနစ်အကြာမှာပင် ဗီယက်နမ်အသင်းဒုတိယဂိုးထပ်ရခဲ့ပြီး ထရန်မင် ကသွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးထပ်ပေးခဲ့ရသော်လည်း မြန်မာအသင်းကစားကွက်ပျက်မသွားဘဲ ပွဲပြီးခါနီးတွင် ချေပဂိုး ပြန်ရခဲ့သည်။ ဒုတိယမြောက်ရရှိသည့် ပယ်နယ်တီကို ဇွန်မိုးအောင် ကန်သွင်းရာ ဗီယက်နမ် ဂိုးသမားကာကွယ်နိုင်ခဲ့သော်လည်း ဇွန်မိုးအောင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**



မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၂၃ အသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားနေစဉ်။

## ကိုယ့်အားကိုယ်ကိုး မြို့တော်ခန်းမဆောင်သစ်ဖွင့်

**ညောင်တုန်း မေ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ ကိုယ့်အားကိုယ်ကိုး မြို့တော် ခန်းမဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက်က ခန်းမဆောင်သစ်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သော မြို့တော်ခန်းမအဆောက်အအုံသည် အလျား ၁၃၅ ပေ၊ အနံ ၇၂ ပေ၊ အမြင့် ၁၆ ပေနှင့် သံကူကွန်ကရစ်တစ်ထပ်ခန်းမဆောင်ဖြစ်သည်။ အဆိုပါ ခန်းမဆောင်အား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခြင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၁၉၅၄ သိန်းကျော်ကုန်ကျကာ ကေခိုင်ဦးကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

❖❖❖

❐ **ရှေ့ဖုံးမှ**

အားကစားမောင်မယ်များအဖို့ နိုင်ငံတော်အတွက် အားကစား လူချွန်လူကောင်းများဖြစ်ကြောင်း ပြသနိုင်သည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ယင်းအခွင့်အလမ်းကောင်းကြီးကို အမိအရ ဆုပ်ကိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်သွားနိုင်ကြမည်ဟု ပြည်သူတစ်ရပ်လုံးက ယုံကြည်မျှော်လင့်နေကြပြီဖြစ်ပါကြောင်း၊ မိဘပြည်သူများ၏ ယင်းယုံကြည်မျှော်လင့်ချက် အိပ်မက်များကို အကောင်အထည်ဖော်ရန် မောင်မယ်များအနေဖြင့် ရေကုန်ရေခန်းအားထုတ်ကြိုးပမ်းသွားကြမည်ဟု အလေးအနက်ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် ခမ်းနားသိုက်မြိုက်စွာ လက်ခံကျင်းပနိုင်ခဲ့ပြီး မြန်မာ့သမိုင်းတွင် မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူခွင့်ရရှိခဲ့သည့်အတွက် နိုင်ငံသားအားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြရပါကြောင်း၊ အားကစားမောင်မယ်များအနေဖြင့်လည်း (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခုနှင့် ကြေးတံဆိပ် ၈၅ ခု၊ စုစုပေါင်း ဆုတံဆိပ် ၂၃၃ ခု ရယူပေးနိုင်ခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် နိုင်ငံအလိုက် ဒုတိယအဆင့် ရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာ့အားကစားသမိုင်းတွင် မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်သည့် ကမ္ပည်းမော်ကွန်းသစ် ထိုးနိုင်ခဲ့ပါကြောင်း ။

ယခု (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ကြံ့ခိုင်သည့်စိတ်ဓာတ်၊ မလျှော့သည့် ဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြပါ၊ မိမိတို့နှင့် အကျွမ်းတဝင် မဖြစ်သေးသည့် အားကစားနည်းသစ်ပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိနိုင်ရန် အခက်အခဲများ ရှိနိုင်သော်လည်း လာမည့်ဆီးဂိမ်းပြိုင်ပွဲများအတွက် အတွေ့အကြုံကောင်း၊ သင်ခန်းစာကောင်းများ ဖော်ထုတ်ရယူခဲ့ကြပါ၊ နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် တရားမျှတ သန့်ရှင်းစွာယှဉ်ပြိုင်ပြီး အရှေ့တောင်အာရှ ဒေသညီနောင်နိုင်ငံများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစားချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များကို ကျေပွန်ခဲ့ကြပါ၊ အားကစားနှင့် တိုင်းပြည်ဂုဏ်မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်းမောင်မယ်များအဖြစ် သမိုင်းမော်ကွန်းရေးထိုးကြပါဟု တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းထံ အောင်နိုင်ရေးအလံအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အပ်နှင်းသည်။**(ယာပုံ)**

ထို့နောက် မြန်မာအားကစားအဖွဲ့ အောင်နိုင်ရေးကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ကတိပြုစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။



ထို့နောက် ဒုတိယသမ္မတသည် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပြိုင်ပွဲဝင်အားကစားသုံး အထောက်အကူပြု ပစ္စည်းများကို လိုက်လံကြည့်ရှုသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများ မြို့နယ်များ၌ ကပ်ထားကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အသိပေးကြေညာချက်**
၂၀၁၅ ခုနှစ် ၊ မေလ ၂၃ ရက်

၁။ ဒုတိယအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းများကို အောက်ပါမြို့နယ်များရှိ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ၂၀၁၅ ခုနှစ်၊ မေ ၂၅ ရက်မှ ဇွန် ၇ ရက်ထိ ၁၄ ရက် တိုင်တိုင်ကပ်ထားကြေညာပါမည်-

(က) **ရန်ကုန်တိုင်းဒေသကြီး**
- (၁) ဒဂုံမြို့သစ်(တောင်ပိုင်း)
- (၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)
- (၃) ဒဂုံမြို့သစ် (အရှေ့ပိုင်း)
- (၄) မြောက်ဥက္ကလာပ
- (၅) သဃ်န်းကျွန်း
- (၆) သန်လျင်
- (၇) ကျောက်တန်း
- (၈) သုံးခွ
- (၉) ခရမ်း
- (၁၀) အင်းစိန်
- (၁၁) မင်္ဂလာဒုံ
- (၁၂) ရွှေပြည်သာ
- (၁၃) လှိုင်သာယာ
- (၁၄) ထန်းတပင်

(ခ) **နေပြည်တော်ကောင်စီနယ်မြေ**
- (၁) တပ်ကုန်း
- (၂) ပျဉ်းမနား
- (၃) လယ်ဝေး
- (၄) ပုဗ္ဗသီရိ
- (၅) ဇေယျာသီရိ
- (၆) ဥတ္တရသီရိ
- (၇) ဇမ္ဗူသီရိ
- (၈) ဒက္ခိဏသီရိ

၂။ မဲစာရင်းတွင် မိမိတို့၏အမည်ပါ/မပါ သိရှိနိုင်ရန် သွားရောက်ကြည့်ရှုကြပါ။ မိမိ၏ အမည်မပါလျှင် ပုံစံ(၃)ဖြင့် လျှောက်ထားပါ။ အချက်အလက်များမှားနေလျှင် ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။

၃။ မဲစာရင်းတွင်မပါဝင်သင့်သူများ(ဥပမာ-ကွယ်လွန်ပြီးသူများ၊ ထောင်ကျနေသူများ) ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။

၄။ ခေတ္တလာရောက်နေထိုင်သူများ၏ အမည်များသည် မိမိတို့ အမြဲနေထိုင်သည့် အိမ်ထောင်စုစာရင်း လဝက ပုံစံ (၆၆/၆) ရှိသော မြို့နယ်မှ မဲစာရင်း၌သာ ပါဝင်မည်ဖြစ်သည်။

၅။ နိုင်ငံရေးပါတီများအနေဖြင့်လည်း မိမိ၏မဲဆန္ဒရှင်များ မဲစာရင်းတွင် ပါပြီး မဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနရုံးခွဲဖွင့်

**နေပြည်တော် မေ ၂၂**

အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနရုံးခွဲ ဖွင့်လှစ်ခြင်းအခမ်းအနားကို မေ ၂၀ရက်က နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရုံးဝင်းအတွင်းရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန ရုံးခွဲ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန(IRRI) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရောဘတ် ဇီဂလာတို့က အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ရုံးခွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အလှူရှင်မိတ်ဖက်နိုင်ငံများ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန်အတွက် မြန်မာ့ဆန်စပါး ထုတ်လုပ်မှုစွမ်းအားရေရှည်တည်တံ့စွာ တိုးတက်လာရေး၊ လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုတိုးတက်ရေး၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ လျှော့ချရေး၊ လိုက်လျောညီထွေဖြစ်စေရေးနှင့် စွန့်စားရမှုအန္တရာယ်များ ဖြေရှင်းနိုင်စွမ်း တိုးမြှင့်ရေး၊ သဘာဝသယံဇာတ အရင်းအမြစ်များ ထိရောက်အကျိုးရှိစွာ အသုံးချရေးနှင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး၊ ရိတ်သိမ်းချိန်လွန် လေလွင့်ဆုံးရှုံးမှုများ လျှော့ချရေးနှင့် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တိုးတက်ရေး၊ လယ်ယာလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေအစီအစဉ်များ တိုးမြှင့်ရေး၊ ဆန်စပါးပညာရှင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရန် ခိုင်မာသောမူဝါဒ ဝန်းကျင်ကောင်းများ ဖန်တီးရေး၊ ဆန်စပါး အရည်အသွေး ထိန်းချုပ်ရေးနှင့် လုံခြုံစိတ်ချရမှုရှိရေး၊ ဆန်စပါးသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မိမိတို့၏ အင်အားသာမက ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများ၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ အရင်းအနှီး ငွေကြေးထောက်ပံ့ကူညီမှုများနှင့် ပညာရှင်များ၏ နည်းပညာအတွေ့အကြုံများဖြင့် အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေါက်တာရောဘတ်ဇီဂလာက အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (IRRI) နှင့် မြန်မာနိုင်ငံဆန်စပါး ကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံဆန်စပါးကဏ္ဍနှင့် ပတ်သက်၍ လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် IRRI မှ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဒေါက်တာမက်ဒေါနား ကယ်စီမယ်ရိတို့က Rice Germplasm and Technology for Myanmar နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် အလှူရှင် မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# ရွှေချည်ကြိုးကျစ်သူနှင့် ရွှေချည်ကြိုးလုန်းသူတို့ နေ့စဉ်ပုံမှန်ဝင်ငွေရ

**မန္တလေး မေ ၂၂**

မြန်မာရိုးရာ လက်မှုလုပ်လုပ်ငန်းဖြစ်သော ရွှေချည်ထိုးလုပ်ငန်းသည် အစဉ်အဆက်ပြုလုပ်ခဲ့သော မြန်မာရိုးရာ အနုပညာလုပ်ငန်းပင်ဖြစ်သည်။ ရွှေချည်ထိုးလုပ်ငန်းကို အပ်ဖြင့်ထိုးချုပ်ရသော အလှအပြောက်လုပ်ငန်းဟုလည်း ခေါ်ကြသည်။ ရှေးခေတ် မြန်မာမှူးမတ်များနှင့် မိဖုရားတို့သည် ခြူးပန်းခြူးနွယ် ကနုတ်ပါသော အဆင်တန်ဆာများ၊ ပန်းပြောက်ပန်းနွယ်ဖောက်ထိုးထားသော လက်ကျပ်လက်စည်း၊ စည်းပုံမကိုဋ်၊ သရဖူစသော အဆင်တန်ဆာများကို ဝတ်ဆင်ခဲ့ကြသည်။

လက်ရှိကာလတွင် ရွှေချည်ထိုးလုပ်ငန်းကို အလှူမင်္ဂလာပွဲများအတွက် မာတိကာတန်ဆာအဖြစ် ပြုလုပ်၍ အငှားလိုက်ခြင်းနှင့် ရွှေချည်ထိုး ပန်းချီကားလုပ်ငန်း ရွှေချည်ထိုး အမှတ်တရလက်ဆောင်ပစ္စည်းများ ပြုလုပ်ရောင်းချကြသည်။ ရွှေချည်ထိုးပန်းချီကား လုပ်ငန်းသည် အနုပညာလက်ရာမြောက်ပြီး နိုင်ငံခြားဈေးကွက်အထိ ထိုးဖောက်နိုင်သည်။

ရွှေချည်ကြိုး ကျစ်ပြီးသားများကို နေလှန်းကာ အခင်လိုက်သိမ်းပေးရသည်။ ထိုသို့ နေလှန်းကာ သိမ်းသူများမှာ ရွှေချည်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ကျော်ရရှိပြီး တစ်နေ့လျှင် ရွှေချည် ငါးပိဿာအထိ ပြီးစီးပြီး အချိန်ပိုင်းဖြင့် ချက်ပြုတ်မှုတစ်ဖက်ဖြင့် လုပ်ကိုင်လေ့ရှိကြောင်း သိရသည်။

**(တိမ်တမန်)**

❋ **မြန်မာနိုင်ငံမှ**

ပါးပါးလွှာလွှာနဲ့ ရတယ်။ Steel Structure ရဲ့ အားသာချက်က Construction Time ကို တိုစေတာပါပဲ။ ကျွန်တော်တို့က ဆောက်ရင် သုံးထပ်တစ်ဖြတ်၊ သုံးထပ်တစ်ဖြတ် ဆောက်သွားပါမယ်။ RC Structure လိုမျိုး ရပ်စောင့်စရာမလိုပါဘူး။ ၂၀၁၇ ထဲမှာ ပြီးစီးဖို့မျှော်မှန်းထားပြီး office tower အနေနဲ့ အောက်မှာလည်း အထပ်အလိုက် ဘဏ်တွေ၊ စားသောက်ဆိုင်တွေစသဖြင့် ဖွင့်လှစ်နိုင်ဖို့အတွက် ရောင်းချပေးမှာပါ”ဟု Mottama Holdings Groupမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

အဆိုပါစီမံကိန်းကို ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် စတင်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလ နှစ်နှစ်ခွဲအတွင်း အပြီးသတ်အကောင်အထည်ဖော်သွားမည်ဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ဖြစ်ကြောင်း သိရသည်။ ယခုနှစ် မိုးရာသီအကုန်တွင် မိတ်ဆက်အရောင်းဖွင့်လှစ်ခြင်းကို ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံတကာတွင် အထပ်မြင့်အဆောက်အအုံများကို Steel Structure ဖြင့် ဆောက်လုပ်ခြင်းမှာ အမေရိကန်တွင် ၁၉၆၀ ခန့်က စတင်ခဲ့ခြင်းဖြစ်ပြီး အရှေ့တောင်အာရှသို့ ၁၉၈၀ ခန့်တွင် ရောက်ရှိဆောက်လုပ်နေကြပြီဖြစ်ကာ မြန်မာနိုင်ငံတွင်မူ အထပ်နိမ့်အဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများကို ဆောက်လုပ်မှုရှိခဲ့သော်လည်း ယခု ၂၇ ထပ်အမြင့်ကို Steel Structure ဖြင့် ဆောက်လုပ်ခြင်းမှာ ပထမဦးဆုံးဖြစ်ကြောင်း သိရသည်။ အဆိုပါ အဆောက်အအုံကို တည်ဆောက်သွားမည့် Mottama Holdings Group အနေဖြင့် ၎င်းတို့၏ ပြည်တွင်းပြည်ပ မိတ်ဖက်ကုမ္ပဏီများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။ ကုမ္ပဏီအနေဖြင့်လည်း Steel Structure တည်ဆောက်မှုအဆင့်ဆင့်နှင့် နည်းပညာ၊ ဒီဇိုင်းပုံစံတို့ကို မေ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပမည့် ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေမှုအတွက် Build Tech Yangon ပြပွဲတွင် သီးသန့်ပြခန်းဖွင့်လှစ်ကာ ဆွေးနွေးပွဲများဖြင့် ရှင်းလင်းပြသသွားမည်ဖြစ်ပြီး ၂၇ ထပ်အမြင့် အဆောက်အအုံပုံစံငယ်၊ ခေတ်မီရေအောက်ကမ္ဘာ တည်ဆောက်သွားမည့်ပုံစံငယ်တို့ကို ခင်းကျင်းပြသထားမည်ဟု သတင်းရရှိသည်။ **(၀၀၁)**

# နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်

ယခုတလော ဂျာနယ်တွေ၊ ပုဂ္ဂလိကသတင်းစာတွေကလည်း ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲသတင်းတွေ၊ Boat People သတင်းတွေ၊ NLD ခေါင်းဆောင်ရဲ့လှုပ်ရှားမှုသတင်းတွေကို အသားပေးရေးနေတာ တွေ့ရပါတယ်။ လွှတ်တော်ကြီးကလည်း ပထမသက်တမ်းရဲ့ နောက်ဆုံးအကြိမ် အစည်းအဝေးမို့ ကျယ်ကျယ်လောင်လောင်နဲ့ တက်သုတ်ရိုက်ကျင်းပနေကြပါတယ်။ တစ်လျှောက်လုံးကြားနေရတဲ့ လေးပွင့်ဆိုင်ဆွေးနွေးပွဲ၊ ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲသတင်းတွေ ပေါ်ပြူလာဖြစ်နေရာကနေ နက်နက်ရှိုင်းရှိုင်း တွေးဆရေးနေကြရာကနေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်မဲ့နေမှာမို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အကာအကွယ်ပေးရေးဥပဒေကြမ်း အမြန်ဆုံးရေးဆွဲသင့်ကြောင်း အဆိုတင်သွင်း ဆုံးဖြတ်တဲ့သတင်းက ပိုမိုစိတ်ဝင်စားလာကြတာကိုလည်း တွေ့မိပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့အတွက် လေးပွင့်ဆိုင်တွေတောင်း၊ ခြောက်ပွင့်ဆိုင်တွေတောင်း၊ ၅၉(စ) ပြင်ဆင်ရေး Campaign တွေလုပ်၊ တစ်ခါမဟုတ်ပြန်ဘူး။ အခြေခံဥပဒေ ပြင်ဆင်ရေးတံခါးပေါက်ဖြစ်တဲ့ ၄၃၆(က) ပြင်ဆင်ရေးဆိုတဲ့ Campaign အကြီးကြီးတွေလုပ်၊ ပါတီထိပ်သီးချင်းမဟာမိတ်ဖွဲ့ စသည်ဖြင့် အခြေခံဥပဒေပြင်ဆင်ရေး လှုပ်ရှားနေချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအား ကာကွယ်ပေးတဲ့ဥပဒေပြဋ္ဌာန်းရန်ဆိုပြီး အဆိုတင်သွင်း ဆုံးဖြတ်တဲ့သတင်းမျိုးက စာဖတ်သူတွေကို ဆွဲဆောင်မှုကောင်းတဲ့ သတင်းဖြစ်လာတာကလည်း မဆန်းပါဘူး။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးချယ်တင်မြှောက်ခံမယ့် ကိုယ်စားလှယ်လောင်းတွေအတွက် မဲဆွယ်စည်းရုံးခွင့်ရရှိဖို့ မကြာခင်ညွှန်ကြားချက်တွေ ထုတ်ပေးတော့မယ်လို့ ဆိုပါတယ်။ ဒါနဲ့ပဲ ရွေးကောက်ပွဲအရှိန်မြင့်နေတုန်းမို့ ဒီဆောင်းပါးလေးကို ရေးဖြစ်တာပါ။ ဥပဒေပြဋ္ဌာန်းချက်တွေကို ကိုးကားရတာက တစ်ခါတစ်ရံမှာ မချောမွေ့မှုဖြစ်စေတာလည်း ခံစားမိပါတယ်။ ဥပဒေဆိုတာက ဒီလိုအကိုးအကားပြုပြီး လမ်းညွှန်ချက်အနေနဲ့ အသုံးပြုရတာလည်း ရှိနေတာမဟုတ်ပါလား။

တင်ပြချင်တဲ့အကြောင်းအရာက ဒီလိုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က)မှာ "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" လို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၆၄ မှာတော့ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ **မိမိတို့ရာထူးသက်တမ်းအတွင်း** ယင်းပါတီအဖွဲ့အစည်း၏ **ပါတီလုပ်ငန်း**များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ"လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီလိုပဲ အဓိပ္ပာယ်သက်ရောက်တဲ့ ပြဋ္ဌာန်းချက်တွေကို ပြည်ထောင်စုဝန်ကြီး ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၂(ဠ)၊ ဒုတိယဝန်ကြီး ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၄(စ)၊ ပြည်ထောင်စုရှေ့နေချုပ် ခန့်အပ်ခံရသူအတွက် ၂၃၇(ဇ)၊ ဒုတိယရှေ့နေချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၃၉(ဂ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၄၂(ဆ)၊ ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၄၄(ဂ)၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ခန့်အပ်ခံရသူအတွက် ပုဒ်မ ၂၈၅(ဆ) တို့မှာ တွေ့ရပါတယ်။

ဆက်လက်ပြီး ပုဒ်မ ၆၁(က)မှာ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်"ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ) မှာ "ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်"ဟုလည်းကောင်း၊ ပုဒ်မခွဲ(ဂ)မှာ "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ" ဟုလည်းကောင်း ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။

စိတ်ဝင်စားမိတဲ့ပြဋ္ဌာန်းချက်ကတော့ "နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ **မိမိတို့ရာထူးသက်တမ်းအတွင်း** ယင်းပါတီအဖွဲ့အစည်း၏ **ပါတီလုပ်ငန်း**များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ"လို့ ပုဒ်မ ၆၄ မှာ ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ ဒီပြဋ္ဌာန်းချက်မှာ အရေးပါတာနှစ်ခုကို တွေ့မြင်လိုက်မိတယ်။ "ပါတီလုပ်ငန်း" ဆိုတာရယ်၊ "မိမိတို့ရာထူးသက်တမ်းအတွင်း" ဆိုတာရယ်ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း ပုဒ်မ ၄၂၄ မှာ "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည်လည်းကောင်း ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအသစ်တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်"လို့ ပြဋ္ဌာန်းထားတာကိုလည်း တွေ့မိပါတယ်။ ကျွန်တော့်အနေနဲ့ လူအများလေ့လာသင့်လို့ တင်ပြချင်တဲ့ အကြောင်းအရာလို့ပဲ စာဖတ်သူများ နားလည်ပေးစေလိုပါတယ်။ ပြီးတော့ ဝေဖန်သုံးသပ်ကြဖို့လည်း တိုက်တွန်းပါရစေ။

လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံတော်သမ္မတဖြစ်သူဟာ ဒုတိယအကြိမ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ရွေးကောက်ခံပိုင်ခွင့်ရှိပြီး ဒါကလည်း နိုင်ငံသားတိုင်း ရကိုရရမယ့် အခွင့်အရေးလည်းဖြစ်ပါတယ်။ (အရွေးခံတာ၊ မခံတာ ကျွန်တော်မသိပါ။) ဒါပေမယ့် ပုဒ်မ ၆၄ မှာ "မိမိတို့ ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများကို မဆောင်ရွက်ရ"လို့ ဆိုထားပြန်တယ်။ ဒီလိုဆိုရင် ရွေးကောက်ပွဲမှာ အခွင့်အရေးတူညီစွာနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မဲဆွယ်စည်းရုံးမှုတွေ ဆောင်ရွက်ကြခြင်းဟာ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သမ္မတ၊ ဒုတိယသမ္မတများအနေနဲ့ ဆောင်ရွက်ခွင့်ရှိပါသလားလို့ မေးရပါတော့မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပါတီလုပ်ငန်းများကို မဆောင်ရွက်ရလို့ဆိုရင် ဒီ "ပါတီလုပ်ငန်း" ဆိုတဲ့စကားရပ်ဟာ မဲဆွယ်စည်းရုံးခြင်းဆိုတာနဲ့ ကွဲလွဲဖို့လိုပါလိမ့်မယ်။ တစ်နည်းအားဖြင့် ပါတီလုပ်ငန်းဆိုတဲ့အထဲမှာ မဲဆွယ်စည်းရုံးတာပါနေရင် လက်ရှိသမ္မတနဲ့ ဒုတိယသမ္မတများရဲ့ မဲဆွယ်စည်းရုံးခွင့်ကို ကန့်သတ်လိုက်တာဖြစ်သွားမှာပါ။ ဒါဆိုရင် တရားမျှတစွာ ယှဉ်ပြိုင်နိုင်ခွင့်ကို သမ္မတ၊ ဒုတိယသမ္မတဖြစ်လို့ လက်လွှတ်ဆုံးရှုံးရမယ့်သဘော ဖြစ်နေပါတယ်။ ဒီဆောင်းပါးရဲ့ ရှေ့ပိုင်းမှာ ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ နိုင်ငံရေးရာထူးတာဝန် ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်အသီးသီးအတွက်လည်း ဒီသဘောသက်ရောက်နေပါတယ်။

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုပါမှတော့ ညီတူညီမျှအခွင့်အရေး မရလို့မဖြစ်ပါဘူး။ ဒီ အခွင့်အရေးလည်းမရပြန်၊ အုပ်ချုပ်မှုအာဏာကိုဗန်းပြပြီး မဲဆွယ်စည်းရုံးပါတယ်ဆိုတဲ့ စွပ်စွဲမှုနဲ့လည်း အတိုက်အခိုက်ခံရမယ်ဆိုရင် မမျှတတော့ပါဘူး။ ဒီလိုဆိုရင်တော့ မျှတတဲ့ပြိုင်ဆိုင်မှုပုံစံ မဟုတ်တော့သလို ကောင်းမွန်တဲ့ အနာဂတ်ဖော်ဆောင်မယ့် ခေါင်းဆောင်ရွေးချယ်ဖို့အတွက် မဲဆန္ဒရှင်တွေရဲ့ အခွင့်အလမ်း လျော့ပါးနေတာကို ရှင်းရှင်းလင်းလင်းမြင်ရပါပြီ။

ရွေးကောက်ပွဲတွေက နီးလာပြီဆိုတော့ အသံတွေအမျိုးမျိုးထွက်နေကြပါပြီ။ အကြောင်းအမျိုးမျိုးပြပြီး ကြိုတင်စည်းရုံးမဲဆွယ်တဲ့သူတွေကလည်း ဟန်ပြည့်၊ မာန်ပြည့်နဲ့ လက်သီးလက်မောင်းတန်း ဆောင်ရွက်နေကြပါပြီ။ အင်အားနည်းတဲ့ ပါတီငယ်တွေအဖို့တော့ လှုပ်လှုပ်ရှားရှားလုပ်နိုင်တဲ့ အနေအထား မတွေ့ရသေးပါဘူး။ လုပ်သင့်တာကြိုတင်လုပ်ဖို့လည်း ကျန်နေပါသေးတယ်။ အဲဒီတော့ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့ကိစ္စရပ်ကို အောက်ပါအတိုင်း နှိုင်းယှဉ်ပြီး လေ့လာကြည့်စေချင်ပါတယ်-

| စဉ် | ရပိုင်ခွင့်ပြဋ္ဌာန်းချက် | ကန့်သတ်ထားသောပြဋ္ဌာန်းချက် |
|---|---|---|
| (၁) | **ပုဒ်မ ၃၈(က)** နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ | **ပုဒ်မ ၆၄** နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်နေ့မှစ၍ **မိမိတို့ရာထူးသက်တမ်းအတွင်း** ယင်းပါတီအဖွဲ့အစည်း၏ **ပါတီလုပ်ငန်း**များတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ |
| (၂) | **ပုဒ်မ ၆၁** (က) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ် ဖြစ်သည်။ (ခ) ယင်းရာထူးသက်တမ်း ကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတ အသစ် ရွေးချယ်တင်မြှောက်ပြီးသည့် အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။ (ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။ | |
| (၃) | **ပုဒ်မ ၄၂၄** နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည်လည်းကောင်း ပြည်ထောင်စုလွှတ်တော်သက်တမ်းကုန်ဆုံးစေကာမူ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအသစ်နှင့် ဒုတိယသမ္မတအသစ်တို့ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အသစ်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အသစ်တို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက်ပြီးသည်အထိ ဆက်လက်တည်ရှိသည်။ | |
| (၄) | **ပုဒ်မ ၄၀၆။** နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ- (က) လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ (ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရှိသည်။ | |

## ရန်ကင်း

ဒီပုဒ်မ ၆၄ ပြဋ္ဌာန်းချက်ပါ "ပါတီလုပ်ငန်း"ဆိုတဲ့ စကားရပ်နဲ့ပတ်သက်လို့ လိုက်လံရှာဖွေလေ့လာကြည့်တဲ့အခါ သရေစည်သူ ဦးအေးမောင်ရဲ့ ရှင်းလင်းချက်မှာ သွားတွေ့ရပါတယ်။ ရှင်းလင်းထားတာက နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များဖြစ်ကြောင်း၊ ဒါကြောင့် နိုင်ငံရေးပါတီဝင်ဖြစ်လျှင် ယင်းပါတီနိုင်ငံရေးအကျိုးစီးပွားထက် အမျိုးသားနိုင်ငံရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ ဒါကြောင့် မိမိတို့ပါတီလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ အမျိုးသားနိုင်ငံရေးကို ဆောင်ရွက်ဖို့ ယင်းသို့ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါပေမယ့် နားလည်ဖို့ ခက်ခဲတဲ့ကိစ္စက "ပါတီလုပ်ငန်း" ဆိုတာဘာလဲ။ "မဲဆွယ်စည်းရုံးခြင်း" ဆိုတာ ပါတီလုပ်ငန်းထဲပါသလား။ ဒါတွေရှင်းမှဖြစ်မှာပါ။ ဒီလိုမဟုတ်ဘဲ လိုရာဆွဲသုံးကြလို့ မဲဆန္ဒရှင်တွေ နားလည်မှုလွဲကုန်ဦးမယ်။

တကယ်တော့ ပါတီလုပ်ငန်းဆိုတာက ကိုယ်ပါဝင်တဲ့ပါတီရဲ့ အကျိုးစီးပွား မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ကြရတဲ့ နိစ္စဓူဝလုပ်ငန်းများ၊ တစ်နည်းအားဖြင့် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီများ စုံညီစွာဖြင့် ပါတီအကျိုးစီးပွားအတွက် ဆောင်ရွက်ကြတဲ့လုပ်ငန်းများ၊ အဆင့်ဆင့်သော ပါတီစည်းရုံးရေးအဖွဲ့များရဲ့ အလုပ်အမှုဆောင်အဖွဲ့ အသီးသီးတို့ ဆောင်ရွက်ကြတာတွေကို ဆိုလိုတာ ဖြစ်ပါတယ်။ ပါတီဝင်တစ်ဦးအနေနဲ့ ရွေးကောက်တင်မြှောက်ခံဖို့အတွက် မဲဆွယ်စည်းရုံးတာကို ပါတီလုပ်ငန်းထဲမှာ အကျုံးဝင်တယ်လို့ဆိုရင်တော့ အခွင့်အရေးပေးထားတယ်။ ရပိုင်ခွင့်လည်းရှိတယ်။ ဒါပေမယ့် မယူရဘူးလို့ပြောတာနဲ့အတူတူပဲဖြစ်နေပါပြီ။

ဒီပြင် ပုဒ်မ ၄၀၆ မှာ "နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ" (က) လွတ်လပ်စွာစည်းရုံးခွင့်ရှိသည်။ (ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"လို့ ပြဋ္ဌာန်းထားတာ တွေ့နိုင်ပါတယ်။ ဒါတွေလေ့လာပြီးရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားတဲ့ ဥပဒေရဲ့အနှစ်သာရဟာ ရှင်းရှင်းလင်းလင်းရှိတာကို သိမြင်နိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် မဲဆန္ဒရှင်ပြည်သူများ နားလည်နိုင်ဖို့က ပိုအရေးကြီးပါတယ်။

နောက်တစ်ခါ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သမ္မတ၊ ဒုတိယသမ္မတများ၊ နိုင်ငံရေးရာထူးတာဝန် ထမ်းဆောင်နေသူများအနေနဲ့ ဥပဒေက ခွင့်ပြုပေးထားတဲ့ ဒုတိယမြောက်သက်တမ်းအတွက် ရွေးကောက်ပွဲဝင်ကြမယ်ဆိုရင် မဲဆန္ဒနယ်ကိုမသွားဘဲ၊ မဲဆွယ်စည်းရုံးမှုမပြုဘဲ ဝင်ပြီးယှဉ်ပြိုင်ကြဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့်မို့လည်း ဥပဒေပြဋ္ဌာန်းပြီး အခွင့်အရေးပေးထားတာဖြစ်ပါတယ်။

အထူးသဖြင့် သမ္မတနဲ့ ဒုတိယသမ္မတများအဖို့ ဒုတိယသက်တမ်းအတွက် ကြိုတင်မဲဆွယ် စည်းရုံးပြီး ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါလျက်နဲ့ "ပါတီလုပ်ငန်းများမဆောင်ရွက်ရ"ဆိုတဲ့ ကန့်သတ်ချက်က တားဆီးကန့်သတ်နေမယ်ဆိုရင်တော့ ဒီ "ပါတီလုပ်ငန်း" ဆိုတဲ့စကားရပ်ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါပြီ။ တာဝန်ရှိသူက အဓိပ္ပာယ်ဖွင့်ဆိုပေးသင့်ပါပြီ။ ဘာဖြစ်လို့လည်းဆိုတော့ သမ္မတနဲ့ ဒုတိယသမ္မတများဟာ အလုပ်တာဝန်က နုတ်ထွက်ပြီး မဲဆွယ်စည်းရုံးတာ၊ ရွေးကောက်ပွဲဝင်တာမျိုး လုပ်လို့မရပါဘူး။ ဒီပုဂ္ဂိုလ်သုံးဦးဟာ အမျိုးသားခေါင်းဆောင်များဖြစ်ပြီး နောင်ပေါ်ပေါက်လာမယ့် ခေါင်းဆောင်ပုဂ္ဂိုလ်အသစ်သုံးယောက်သို့ အသီးသီးတာဝန်လွှဲပေးဖို့ ရှိနေရဦးမှာဆိုတာ ဥပဒေပြဋ္ဌာန်းချက်တွေမှာ ပေါ်လွင်ပြီးဖြစ်နေလို့ပါပဲ။ ဒါကြောင့် ရွေးကောက်ပွဲမတိုင်မီ အလုပ်သင့်ဆုံး အလုပ်တစ်ခုအဖြစ် "ပါတီလုပ်ငန်း"ဆိုတဲ့စကားရပ်ကို ရှင်းရှင်းလင်းလင်းနဲ့ အများပြည်သူတွေ နားလည်အောင် အဓိပ္ပာယ်ဖွင့်ဆိုပေးရမယ်လို့ ကျွန်တော် နားလည်မိပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုပေးရမယ့် အဖွဲ့အစည်းကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တာဝန်ပေးပြီးသားမို့ လုပ်သင့်တာလုပ်ကြမယ်လို့ ထင်ပါတယ်။

ဒီလို "မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ" လို့ ကန့်သတ်ထားချက်ဟာ ရှင်းလင်းသင့်လျော်ကြောင်း ကျွန်တော်တင်ပြပြီးပါပြီ။ သို့သော်လည်း လက်တွေ့အသုံးချတဲ့အခါမှာ "ပါတီလုပ်ငန်း" ဆိုတဲ့ စကားရပ်ကိုသာ ရှင်းလင်းဖို့လိုတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ နောက်တစ်မျိုးစဉ်းစားကြည့်မိပါတယ်။ တကယ်လို့ လက်ရှိသမ္မတနဲ့ ဒုတိယသမ္မတများဟာ ကိုယ့်အတွက် ရွေးချယ်တင်မြှောက်ခံဖို့တော့မလုပ်ဘူး။ သို့သော်လည်း "မိမိပါတီရဲ့ အောင်မြင်မှုမြင့်မားရေးအတွက် မဲဆွယ်စည်းရုံးမှုတွေ ကွင်းဆင်းလုပ်မယ်" ဆိုရင်ရော ပါတီလုပ်ငန်းဆိုတဲ့ထဲမှာ အကျုံးဝင်သွားပြီလား။ တစ်နည်းအားဖြင့် ကန့်သတ်ခံရပြီး ဆောင်ရွက်ခွင့်မရှိဘူးလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ စာမျက်နှာ ၁၁ သို့

❐ စာမျက်နှာ ၁၀ မှ

ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေကို အကျဉ်းချုပ်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် -

- လက်ရှိသမ္မတ၊ ဒုတိယသမ္မတများသည် နိုင်ငံသားများဖြစ်သည်။ ဒုတိယသက်တမ်းတစ်ကြိမ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။
- ထို့ပြင် အသစ်ရွေးကောက်တင်မြှောက်ခံရသည့် သမ္မတနှင့် ဒုတိယသမ္မတများသို့ တာဝန်လွှဲပေးပြီးသည်အထိလည်း တာဝန်ထမ်းဆောင်ရမည်။
- သမ္မတ၊ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပါတီလုပ်ငန်းများ မဆောင်ရွက်ရဟု ကန့်သတ်ထားသည်။
- ဒုတိယသက်တမ်းအတွက် ရွေးကောက်တင်မြှောက်ခံလိုလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ထို့ကြောင့် အခွင့်အရေး ညီမျှစွာဖြင့် မိမိ၏ပြိုင်ဘက်များအပေါ် အောင်ပွဲခံနိုင်ရန် မဲဆွယ်စည်းရုံးနိုင်ရမည်။
- မိမိတို့ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပါတီလုပ်ငန်းမဆောင်ရွက်ရဟုဆိုသည်။ "ပါတီလုပ်ငန်း" စကားရပ်တွင် "မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ် မပါဝင်နိုင်။ သို့သော် မဲဆန္ဒရှင် ပြည်သူတို့ နားလည်သင့်သည်။
- ထို့ပြင် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ သမ္မတနဲ့ ဒုတိယသမ္မတများသည် မိမိအတွက် ရွေးချယ်တင်မြှောက်ခံရန် မဆောင်ရွက်၊ သို့ရာတွင် မိမိပါတီအောင်နိုင်ရေးအတွက် မဲဆွယ်စည်းရုံးသည်ဆိုလျှင် ထိုသို့မဲဆွယ်စည်းရုံးခြင်းသည် "ပါတီလုပ်ငန်း" စကားရပ်တွင် အကျုံးဝင်မှုရှိ-မရှိ သိသင့်သည်။
- ပုဒ်မ ၄၀၆ ဖြင့် တရားဝင်နိုင်ငံရေးပါတီတစ်ရပ်သည် ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်၊ ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားရာ အဓိပ္ပာယ်ကောက်လွဲမှားခြင်းကြောင့် အခွင့်အရေးကို မထိခိုက်စေရန် သတိပြုသင့်သည်။
- သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ "ပါတီလုပ်ငန်း" ဆိုသည့်စကားရပ်သည် အများပြည်သူတို့ အသိတွင် ရှင်းရှင်းလင်းလင်းဖြစ်သင့်သည်။ ထို့ကြောင့် ရွေးကောက်ပွဲမတိုင်မီ ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ပေးရမည်။

ဒီလောက်ဆိုလျှင် ဆောင်းပါး၏အဓိပ္ပာယ်ကို နားလည်နိုင်မှာပါ။ ခေါင်းဆောင်ကောင်းရှိမှ နိုင်ငံ့အကျိုးစီးပွားတိုးတက်ဖို့ ပဲ့ကိုင်နိုင်မှာပါ။ ခေါင်းဆောင်ကောင်းများရဲ့ ယှဉ်ပြိုင်ကွင်းမှာ ညီတူမျှတူ အခွင့်အရေးများဖြင့် ယှဉ်ပြိုင်ပြီး မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ထိုက်ထိုက်တန်တန် ရွေးချယ်ခွင့်ရစေချင်ပါတယ်။ မဲဆန္ဒရှင်ပြည်သူအများ ရှင်းလင်းအောင် ဘယ်သူက ဆောင်ရွက်ပေးမှာလဲ။ အစိုးရလား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လား၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးလား။ ကျွန်တော်လည်း မဲဆန္ဒရှင်တစ်ဦးမို့ ရှင်းလင်းစွာ သိသင့်တယ်လို့ နားလည်မိပါတယ်ခင်ဗျား။

## စပါးများ အမိုးအကာအောက် ရောက်ရှိရေး နှိုးဆော်ချက်

၁။ ယခုအချိန်အခါ၌ မိုးဦးလေဦး စတင်ကျရောက်လျက်ရှိပါသည်။

၂။ မိုးဦးလေဦးကျရောက်ချိန်တွင် စိုက်ပျိုးထားသော နွေသီးနှံများကို အချိန်မီ ရိတ်သိမ်းနိုင်ပြီး အမိုးအကာများအောက်ရောက်ရှိရေး၊ သီးနှံများ မပျက်စီး မဆုံးရှုံးစေရေးအတွက် အထူးသဖြင့် စပါးသီးနှံတွင် **"ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ထိထိရောက်ရောက် အသုံးပြုနိုင်ကြခြင်းအားဖြင့်"** တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ မပျက်စီးစေရေးအတွက် သက်ဆိုင်ရာ ကျေးရွာ၊ မြို့နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

၃။ နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားများ ပင်ပင်ပန်းပန်း စိုက်ပျိုးထားရှိသော စပါးသီးနှံများ အလေအလွင့်လျော့နည်းစေရေး၊ အရည်အသွေးပိုမိုကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် တောင်သူလယ်သမားများ မိသားစုတစ်စုချင်း၏ ဝင်ငွေနှင့် လူနေမှုဘဝကို လက်ငင်းအမှန်တကယ် တိုးတက်စေနိုင်မည်ဖြစ်ပါသည်။

၄။ ကျေးလက်နေ တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူနေမှုဘဝ တိုးတက်စေရေး၊ သီးနှံများ အချိန်မီအမိုးအကာအောက်ရောက်ရှိစေရေး၊ "စပါးရိတ်သိမ်းခြွေလှေ့စက်များအား" တောင်သူလယ်သမားများ လက်လှမ်းတမီ အသုံးပြုနိုင်ရေး အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီ ရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



## တောင်သမန်အင်းရေဝင်၊ ရေထွက်ကောင်းစေရန် စက်ကြီးများဖြင့် ဆယ်ယူရှင်းလင်း

**အမရပူရ မေ ၂၂**

အမရပူရမြို့နယ် တောင်သမန်အင်း အရှေ့ဘက်ခြမ်း ဦးရွှေတောင်တံတားအနီးတွင် အင်းအတွင်း ငါးများသေဆုံးမှု မဖြစ်ပေါ်စေရေးအတွက် ရေဝင်၊ ရေထွက်ကောင်းမွန်စေရန် နုန်းစုပ်စက်ကြီးများဖြင့် ဆယ်ယူခြင်း၊ အမှိုက်များဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မေ၂၁ရက် ညနေ ၃နာရီက မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဦးမြင့်သန်းတို့က ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် တောင်သမန်အင်းအတွင်း နုန်းစုပ်စက်ကြီးများဖြင့် ဆယ်ယူနေမှုများ၊ အမှိုက်များ ဆယ်ယူနေမှုများကို ကြည့်ရှုပြီး အပိုင်းလိုက်အမြန်ပြီးစီးရေး၊ ကန်အတွင်း ရေဝင်ရောက်မှု အခြေအနေများ၊ အင်းအတွင်း ငါးသေဆုံးမှုမဖြစ်ပေါ်စေရေးတို့ကို တာဝန် ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အငှားယာဉ်များ ရပ်နားရန်နေရာအတွက် မြန်မာ့စီးပွားရေးဘဏ်(၃)ထောင့်အနီး လေ့လာ

**ရန်ကုန် မေ ၂၂**

ရန်ကုန်မြို့တွင်းလမ်းအသုံးပြုကြသော အငှားယာဉ်မောင်းများနှင့် တက္ကစီစီးနင်းခရီးသည်များ အဆင်ပြေကြစေရေးအတွက် မထသ(ဗဟို)မှ တက္ကစီ Stand ပြုလုပ်မည့်နေရာများအား မြို့နယ်အလိုက်လေ့လာမှုများ ပြုလုပ်နေပြီဖြစ်ရာ မြန်မာ့စီးပွားရေးဘဏ်(၃)ထောင့် (ယခင်ဗဟိုဘဏ်) အနီး၌ လမ်းသွားလမ်းလာပြည်သူများ စည်ကား၍ နေရာအနေအထားအား လေ့လာလျက်ရှိကြောင်း မထသ (ဗဟို)မှ သုံးသပ်ပြောကြားသည်။

မထသ(ဗဟို)မှ ဥက္ကဋ္ဌ ဦးလှအောင်က"တက္ကစီ Stand ကိစ္စကိုလည်းမြို့နယ်အလိုက်လေ့လာမှုတွေ လုပ်ကြပြီး ကျွန်တော်တို့ဆီပို့ပေးနေပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ပြန်လေ့လာပြီးစဉ်းစားနေပါတယ်။ ဘဏ်(၃)ထောင့် (ယခင်ဗဟိုဘဏ်)၊ ဟိုဘက်ကဆို တိုင်းရုံးဟောင်းပေါ့။ အဲ့ဒီနေရာကိုလေ့လာကြည့်တော့ လူစည်ကားပြီး ပြည်သူတွေက တက္ကစီတွေကိုငှားမယ့် အနေအထားတွေ့ရပါတယ်။

"လူစည်ကားသွားလာမှုများတဲ့နေရာဖြစ်တဲ့အတွက် ဒီနားမှာ တက္ကစီ Stand က ရှိသင့်ပါတယ်။ ဒါပေမယ့် မြေအသုံးချမှုနဲ့ ပတ်သက်တာကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဖြစ်တဲ့အတွက် ကျွန်တော်တို့က နေရာလေ့လာမှုတွေလုပ်နေတယ်။ ညီညွတ်တဲ့အခါ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ စည်ပင်ရဲ့ ခွင့်ပြုချက်ရပြီဆိုရင်ပြုလုပ်မှာပါ" ဟုဆိုသည်။

"အရင်ရထားတဲ့ နေရာ ၁၇ နေရာကိုလည်းမြို့နယ်အလိုက်လေ့လာနေပါတယ်။ ချက်ချင်းကြီးတော့ တက္ကစီ Stand ကိစ္စကိုလုပ်လို့မရပါဘူး။ နေရာတစ်နေရာကို လေ့လာကြည့်မိတဲ့အခါ အဲဒီအငှားယာဉ်တွေက အဲဒီနေရာမှာ စုနေတယ်ဆိုပေမယ့် နောက်တစ်ချိန်သွားကြည့်ရင်မရှိကြတော့ ပြန်ဘူးလေ။ ဒါမျိုးတွေလည်းကြုံတွေ့ရပါတယ်။ ဒါကြောင့် တက္ကစီ Stand လုပ်ဖို့ကိုနည်းနည်းနှောင့်နှေးနိုင်သေးတယ်လို့ ပြောတာပါ။ တချို့လည်းနေရာအတွက်တောင်းဆိုတင်ပြတာလေးတွေရှိနေပါတယ်။ ခေတ်ပုံမှတ်တမ်းနှင့် တကွပေါ့။ အဲဒီမြေပြင်နေရာတွေကို လေ့လာပြီး ကျွန်တော်တို့ အကြံဉာဏ်တောင်းခံသွားပြီး လုပ်ဆောင်သွားမှာပါ" ဟုပြောသည်။

စီးတီးတက္ကစီမှတ်ပုံတင်ဆောင်ရွက်ပေးခြင်းများအား မထသ(ဗဟို)မှလွှဲယူပြီး ယာဉ်လိုင်းအဖွဲ့အစည်း လေးဖွဲ့မှ ဆောင်ရွက်လျက်ရှိသော စီးတီးတက္ကစီယာဉ်များ ၏ မထသခရိုင်များအတွင်း စီးတီးတက္ကစီမှတ်ပုံတင် စီးရေမှာ ၄၇၆၄၃ စီးရှိပြီဖြစ်ကြောင်း မထသ (ဗဟို)မှ သိရသည်။

**စိုးဝင်း(MLA)**

## ရှမ်းပြည်မြောက်ပိုင်းတွင် မိုးရွာသွန်းမှုကြောင့် မော်တော်ယာဉ်များ သွားလာရေးအခက်ကြုံ

**နေပြည်တော် မေ ၂၂**

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မန္တလေး-လားရှိုး-မူဆယ် ကားလမ်းမကြီးပေါ်၌ တောင်ကျရေများကျဆင်းခြင်း၊ ကားလမ်း ဘေးမြေသားရွံ့ညွန်များဖြစ်ပေါ်ခြင်းတို့ကြောင့် လမ်းချော်ပြီး မော်တော်ယာဉ်အချို့ တိမ်းမှောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် မေလ ဒုတိယပတ်မှ ယနေ့အထိ မိုးများရွာသွန်းလျက်ရှိရာမှ ထိုကဲ့သို့ ကားလမ်းများ အခက်အခဲကြုံတွေ့ရခြင်းဖြစ်သည်။ ကားလမ်းမကြီးပေါ်သို့ မိုးရေနှင့်အတူ တောင်ကျရေများ ကျဆင်းခဲ့ပြီး မိုးရေကြောင့် လမ်းဘေးမြေသားများမှာလည်း ရွှံ့များဖြစ်ပြီး ယာဉ်ငယ်အချို့ စလစ်ဖြစ်ကာ တိမ်းမှောက် ခြင်းရှိခဲ့သည်ဟု ဂိတ်တာဝန်ခံများက ပြောသည်။

"အခု မိုးကလည်း အဆက်မပြတ်ရွာသွန်းနေပြီး ကားလမ်းကလည်း မကြာခဏ ချော်နေတတ်တာမို့ ရန်ကုန်-လားရှိုး- မူဆယ်ခရီးသည်တင်ယာဉ်တွေ သတိထား မောင်းနေရပါတယ်။ ဒါကြောင့် ယခုရက်အတွင်းမှာ ရန်ကုန် - လားရှိုးခရီးသည်တင် အဝေးပြေးယာဉ်တွေဟာ အရင်ကလို စောစောမဝင်နိုင်တော့ဘူး။ ခါတိုင်းထက် နောက်ကျပြီး ဝင်လာနိုင်ပါတယ်။ ကားလေးတွေဆိုရင် ပိုဆိုးပါတယ်။ ကားချင်းဆုံလို့ လမ်းဘေးချမောင်းလိုက်တာနဲ့ ရွှံ့ထဲကျပြီး ဒုက္ခရောက်တော့တာပါပဲ။ ဒီဘက်က လမ်းကြောမသိတဲ့ ယာဉ်မောင်းတွေ ပိုသတိထား ရပါလိမ့်မယ်"ဟု သီပေါ RC မော်တော်ယာဉ် ဂိတ်မှူးက ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၌ မိုးရွာသွန်းမှုကြောင့် ကားလမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေကြသော မော်တော်ယာဉ်များ အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် အထူး သတိထားမောင်းနှင်ရန် လိုအပ်ကြောင်းသိရသည်။

**သီပေါကိုလတ်**

## (၆)မိုင် မကွေ့တောင်ချောင်းတံတားဖွင့်

**တနိုင်း မေ ၂၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ (၆) မိုင် မကွေ့တောင်ချောင်းတံတားဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၁ နာရီတွင် အဆိုပါတံတား၌ ကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ မကွေ့တောင်(၆)မိုင် ချောင်းတံတားသည် မြစ်ကြီးနား-နမ္မတီး-တနိုင်းသို့ ဆက်သွယ်ထားသော လီဒိုလမ်းမကြီးပေါ်၌ တည်ရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ရန်ပုံငွေဖြင့် ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တံတားအရှည်မှာ ပေ ၂၆၀ ဘေလီသံပေါင်အမျိုးအစားဖြစ်ပြီး စုစုပေါင်း တန်ဖိုး ငွေကျပ် ၇၀၂ သန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)** ❐

ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

## ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် နှိုးဆော်ချက်

**"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"**

**"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွားရေရှည်စား"**

၁။ မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့်မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

၂။ ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံးငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

၃။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ် ၂/၉၂ ဖြင့် ငါးရစ် ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေချိုငါးလုပ်ငန်း ဥပဒေအရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

၄။ သို့ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများလွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့်နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ဘီယွန်းစေးနဲ့ တေလာဆွစ်ကြောင့် အဆိုတော်တစ်ဦးဖြစ်လာတာပါလို့ ပြောလာတဲ့ အက်ဒ်ရှီးရန်





ဂရမ်မီဆုပေးပွဲတွင် ဆုသုံးဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရပြီး Brit ဆုပေးပွဲတွင် တစ်နှစ်တာအကောင်းဆုံး တေးအယ်လ်ဘမ်ဆုကို ရရှိထားသော အက်ဒ်ရှီးရန်က တေလာဆွစ်နှင့် ဘီယွန်းစေးတို့သည် သူ၏စံပြအဆိုရှင်များဖြစ်ကာ သူတို့ကိုတုပရင်းမှ ယခုကဲ့သို့ သူဖြစ်ချင်သည့် ရေ့ာခ်ကြယ်ပွင့်တစ်ပွင့်ဖြစ်လာကြောင်း ရင်ဖွင့်ခဲ့သည်။

အသက်(၂၄)နှစ်ရှိပြီဖြစ်သော ရှီးရန်က သူသည် လက်ရှိတွင်လည်း ပိုမိုအောင်မြင်သောဘဝကို ပိုင်ဆိုင်ရန် ကြိုးပမ်းနေပြီး ထိုသို့အောင်မြင်လိုခြင်းမှာ တေလာနှင့်ဘီယွန်းစေးတို့ကို အားကျမိ၍သာဖြစ်ကြောင်းနှင့် ၎င်းတို့နှစ်ဦးသည် သူ့ဘဝအပေါ် အတော်ပင် လွှမ်းမိုးထားနိုင်ခဲ့ကြောင်းလည်းဆိုသည်။

ဆက်လက်ပြီး Entertainment Weekly သတင်းစာ၏ အင်တာဗျူးတစ်ခုတွင် သူက "တေလာဆွစ်က ဂီတလောကမှာတော့ အအောင်မြင်ဆုံးသူပါပဲ။ တစ်နေ့ကျွန်တော်လည်း သူ့လိုနေရာမျိုးရောက်ရမယ်။ ဒီအချိန်မှာတော့ သူက အမေရိကရဲ့အထင်ကရပဲ။ အခြားနိုင်ငံတွေမှာလည်း အတော်အောင်မြင်တယ်။ ကျွန်တော်သူ့ကို အမီလိုက်ချင်တယ်" ဟု ပြောခဲ့သည်။

အဆိုပါ အင်တာဗျူး၌ပင် ရှီးရန်သည် သူအပါအဝင် ယနေ့ဂီတလောကရှိ အခြားသော ဂီတပညာရှင်တိုင်း အားကျအတုယူရသည့် အဆိုတော်တစ်ဦးဖြစ်သော ဘီယွန်းစေးနှင့်ပတ်သက်၍လည်း ပြောခဲ့သည်။ သူက "ကျွန်တော့်ရဲ့ဂီတသမားဘဝမှာ အကောင်းဆုံးအချိန်ကတော့ ဘီယွန်းစေးနဲ့ တွဲဖက်ဖျော်ဖြေခဲ့ရတဲ့အချိန်ပါပဲ။ ကျွန်တော်တစ်ယောက်တည်း သီဆိုခဲ့ရတဲ့ အချိန်တွေနဲ့မတူဘူး။ စတိဗ်ဝမ်းဒါး တီဝိုင်းကြီးရယ်၊ ဘီယွန်းစေးရယ်နဲ့ တွဲဖက်ဖျော်ဖြေလိုက်ရတော့ ကျွန်တော့်ကိုယ်ကျွန်တော်တကယ့်အောင်မြင်တဲ့ ရော့ခ်ဂီတသမားတစ်ဦးလို့ ခံစားလာရတယ်" ဟု ဂုဏ်ယူစွာပြောခဲ့သည်။

ယခုအချိန်တွင် အက်ဒ်ရှီးရန်၏ အောင်မြင်မှုများသည် အရှိန်အဟုန်မြင့်လျက်ရှိပြီး အချိန်မရွေး တေလာနှင့်ဘီယွန်းစေးတို့၏ ဘဝမျိုးကို ပိုင်ဆိုင်နိုင်မည်ဟုလည်း ယုံကြည်မိကြောင်း mtv.com တွင် ဖော်ပြခဲ့သည်။

**ခင်ခင်သက်**

## စီအယ်ရဲ့ သီချင်းသစ် "Dr. Peeper" ပရိသတ်ရှေ့ရောက်လာပြီ

အမေရိကန်တွင် သွားရောက်အသံသွင်းခဲ့သော တောင်ကိုရီးယားအမျိုးသမီး ပေါ့ပ်ဂီတအဖွဲ့ 2NE1 မှ စီအယ်လ်၏ သီချင်းသစ်"Dr. Peeper"ကိုသောကြာနေ့က စတင်ထုတ်လွှင့်သွားခဲ့ကြောင်း SBS ရုပ်သံလိုင်းက ဖော်ပြခဲ့သည်။

အဆိုပါသီချင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားသီဆိုထားပြီး သီချင်းစာသားနှင့် သံစဉ်မူကြမ်းများကို ပြီးခဲ့သည့်ဒီဇင်ဘာလောက်ကတည်းက အင်တာနက်ပေါ်တွင် ထုတ်လွှင့်ခဲ့သော်လည်း သီချင်းအချောကိုမူ ယခုအချိန် မှပင်လက်စသတ်ထုတ်လွှင့်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခုသီချင်းသည် ရက်ပ်သီချင်းအမျိုးအစားဖြစ်ကာ ရီဖ်ရက်ပ်နှင့် အိုဂျီမက်ကိုတို့က ကူညီပံ့ပိုးသီဆိုပေးထားပြီး mp-3 ပုံစံဖြင့် စတင်ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

Dr. Peeperကို သီချင်းသံစဉ်ထည့်ခြင်းနှင့် အသံသွင်းခြင်းလုပ်ငန်းများအတွက် စီအယ်လ်သည် ၂၀၁၅ အစပိုင်းမှစ၍ အမေရိကန်သို့ သွားချည်ပြန်ချည်ပြုနေခဲ့ပြီး သီချင်းကိုအသံသွင်းပေးပါသော ဒစ်ပလိုကလည်း စီအယ်သည် အလွန်တော်သော အဆိုတော် တစ်ဦးဖြစ်ကြောင်းနှင့် သူနှင့်တွဲဖက် လုပ်ကိုင်ခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းလည်း ချီးကျူးခဲ့သည်။

**ခင်ခင်သက်**

## ခရီးသွားရင်း အသက်ကယ်ခဲ့တဲ့ ရက်ပ်အဆိုတော် လေးဇီးဘုန်း

**Bone Thugs-N-Harmony အဖွဲ့ဝင် ရက်ပ်စာသားများကို မြန်မြန်ဆန်ဆန်သီဆိုတတ်သည့် အဆိုတော် လေးဇီးဘုန်းသည် လူတစ်ယောက် ၏အသက်ကိုလည်း လျှင်လျှင်မြန်မြန်ပင်အချိန်မီ ကယ်တင်လိုက်နိုင်ကြောင်း အင်တာနက်သတင်းစာမျက်နှာများတွင်ဖော်ပြခဲ့ကြသည်။**

ရက်ပ်အဆိုတော် လေးဇီး (Layzie)သည် ပျင်းရိတဲ့ လေးဇီး (Lazy) တစ်ယောက်မဟုတ်ကြောင်း ဝါယာမင်မြို့တွင် ဆီးချိုရောဂါကြောင့် သတိလစ်မေ့မြောနေသူကို ကယ်တင်ပြီး သက်သေပြခဲ့သည်ဟုလည်း MTV News မှာရေးသားခဲ့ကြသည်။

Tha Crossroads တေးသီချင်းနှင့် ဂရမ်မီဆုရရှိခဲ့သည့် လေးဇီးနှင့်သူ၏ Bone Thugs-N-Harmony အဖွဲ့သည် ကတ်စပါမြို့မှ ရစ်ဗာတန်မြို့သို့ သွားရောက်ဖျော်ဖြေ တင်ဆက်ရန် ခရီးထွက်လာစဉ် ဝါယာမင်မြို့ အရောက်တွင် အထိန်းအချုပ်ကင်းမဲ့စွာ မောင်းနှင်နေသည့် ကားတစ်စီးကို တွေ့မြင်ပြီး ကယ်တင်ခဲ့ကြခြင်းဖြစ်သည်။





ထိုသို့ကယ်တင်ခဲ့ရပုံနှင့်ပတ်သက်၍ လေးဇီးက " ကျွန်တော်တို့ ဝါယာမင်မြို့ရောက်တော့ ကားတစ်စီးက ရုတ်တရက်ကွေ့လိုက်ပြီး သူ့ဘာသာအရှိန်မထိန်းနိုင်ဖြစ်နေတယ်။ အစကတော့ ကားသမားသူ့ကိုယ်သူသတ်သေတယ်ပဲ ထင်ခဲ့တာ၊ ကျွန်တော်မသက်ာလို့ ကားအနားသွားပြီး ကပ်ကြည့်လိုက်တော့မှ လူတစ်ယောက် သတိလစ်တော့မယ့် အခြေအနေမှာ တွေ့လိုက်ရတယ်။ ဘယ်သူမှမမှတ်မိနိုင်တော့တဲ့သူ့ကို ကျွန်တော်က Bone Thugs-N-Harmony အဖွဲ့ကို သိလားလို့မေးတော့မှ သူက ထလာပြီးတော့ သိပါတယ်လို့ဖြေခဲ့တယ်လေ " ဟု ဆိုခဲ့သည်။

လေးဇီးသည် အဆိုပါ (၂၄) နှစ်အရွယ် သတိလစ်မေ့မြောလုနီးနီးဖြစ်နေသည့် ဆီးချိုရောဂါဝေဒနာရှင်ကို လိမ္မော်သီးနှင့် ချောကလက်များကျွေး၍ သွေးတွင်းသကြားဓာတ်ကိုမြင့်တက်စေကာ အသက်ဘေးမှ ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

သူ့အနေဖြင့် " ကျွန်တော်က မကောင်းတဲ့အရာတွေနဲ့ ကြုံဆုံရပြီဆိုရင် အဲဒီမကောင်းတဲ့အရာကို ကံကောင်းခြင်းတစ်ရပ်လို့ပဲ မြင်လိုက်တယ်။ တကယ်လို့အဆိုးရွားဆုံးကိစ္စနဲ့ ရင်ဆိုင်ကြုံတွေ့ရပြီဆိုရင်တောင် အဲဒါကို ဂီတအဖြစ်ပြောင်းလဲပစ်လိုက်မှာပဲ"လို့ သူ၏အခက်အခဲကို ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းကိုပြောပြသည်။

**စန္ဒာဝင်း**

## ရုပ်မြင်သံကြားအစီအစဉ်

*23 - 5 -2015 (paeae)*

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၂၀ မေတ္တာပို့
- ၆း၂၅ ဓမ္မပူဇာတေး
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၀ ရွှေဟောင်းသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၈း၅၅ လျှပ်တစ်ပြက်
- ၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ဗွီစီဒီကျော်ကြားတေး
- ၄း၅၀ မွေးမြူသုတ
- ၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၄၂)
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဆူးခင်းလမ်းရဲ့ချစ်ပန်းနှင်းဆီ (အပိုင်း-၄၁)
  - ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဟိုတယ်ဘုရင် (အပိုင်း-၃၆)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ပုဗ္ဗဏှသုတ်
- ၈း၃၅ Cartoon Series (Go Torara Go)
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၆)
- ၉း၄၀ Drive It
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၁း၀၅ Star တို့ရဲ့လက်ရာ
- ၁၁း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၂၉+၃၀)
- ၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မျက်စေ့သုံးလုံးနဲ့လူ (အပိုင်း-၂)]
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၈)
- ၃း၄၀ Fashion Week (Designer Su Su Wai)
- ၄း၅၅ အတွေးမျှဉ်းပြိုင်များ
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၁၉)
- ၇း၂၀ Let's Talk
- ၇း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ဓါးနဲ့တူသောသား (အပိုင်း-၁)]
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၇)
- ၉း၂၅ Forever Music Tribute လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမဖျိုမလှိုင်း နှစ် (၃၀)ခရီး]
- ၁၀း၀၅ Education Talk [မိဘဆရာအသင်းဖွဲ့စည်းဆောင်ရွက်ခြင်း (အပိုင်း-၁)]
- ၁၀း၃၀ MRTV-4 Stage
- ၁၂း၅၀ ဆင်းရဲနွမ်းပါးမှုကင်းဝေးဖို့ သစ်မွေးစိုက်ကြစို့
- ၁း၀၀ Spain Laliga Real Madrid Vs Getafe (LIVE)
- ၃း၅၅ World of Knowledge (America Lost Treasures Los Angeles)
- ၄း၄၅ အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ

### mitv

- Great Shwedagon: The Exhibition Hall Of The Great Chronicle Of Buddha
- Nang
- Ar Khar New Year Festival
- Products Of Myanmar - Kachin Traditional Knife
- Crab Business (Part-I) Mud Crab
- Products Of Myanmar - Myanmar Circular Stone Slab
- Great Minds of Myanmar (Anthropologist U Kyaw Win)
- Mesmerizing Scenes or Image of Japan (Part-2)
- Food Trip (EP-6)
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose
- Min Thu Wun (Ep-3) His Public Service & Literary World
- Myanmar Masterclass: Still Life (Glass)
- A Cordial Welcome From Pantaung
- Shrinking Footprints
- Karaweik Palace- A Symbol Of Glorious Myanma Culture
- Sagaing: Guitar
- Porcelain and Glass
- Traditional Matrimony of Ra Wan Nationals
- The Rising Glory Of Myanmar Arts
- Ambassador's View: Indonesia - Myanmar Bilateral Ties
- Products Of Myanmar - Shin Ma Taung Thanakhar

***ပေါလ်စခိုးလ်က မန်ယူအနေဖြင့် ဒီဂီယာနေရာတွင်အစားထိုးရန်အတွက် ပီတာချက်ကိုခေါ်ယူနိုင်ခဲ့လျှင် ဗန်ဒါဆားအား ခေါ်ယူစဉ်ကကဲ့သို့ အကျိုးသက်ရောက်မှု ကြီးကြီးမားမားရရှိလိမ့်မည်ဖြစ်သည့်အတွက် နွေဈေးကွက်တွင် အဆိုပါကစားသမားအား အိုးထရက်ဖို့ဒ်သို့ အရောက်ခေါ်ယူသင့်ကြောင်းအကြံပြုခဲ့သည်။***



# ဒီဂီယာနေရာတွင် အစားထိုးရန် ပီတာချက် အား မန်ယူခေါ်ယူသင့်ဟု ပေါလ်စခိုးလ်အကြံပြု

မန်ယူ၏ လက်ရှိဂိုးသမား ဒီဂီယာမှာ ရီးယဲလ်သို့ထွက်ခွာရန် အလားအလာများနေရာ ပီတာချက်အား မန်ယူအနေဖြင့် စာချုပ်ချုပ်ဆိုနိုင်ရန် ကြိုးပမ်းသင့်ကြောင်း ပေါလ်စခိုးလ်က တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ မန်ယူနှင့် ဒီဂီယာတို့အကြားချုပ်ဆိုထားသော စာချုပ်မှာ သက်တမ်းကုန်ဆုံးရန်နီးကပ်နေပြီး ရီးယဲလ်ကလည်း ၎င်းကို ကားဆီးလက်စ်နေရာတွင် အစားထိုးရန် မြင့်မားသောလစာနှုန်းထားတစ်ရပ်ဖြင့် ကမ်းလှမ်းနေရာ ဒီဂီယာမှာ မန်ယူမှထွက်ခွာရန် အလားအလာများနေသည်။

ပီတာချက်ကလည်း ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးသို့ ဂိုးသမားကော်တွိုက်စ်ရောက်ရှိလာရာ ပုံမှန်ပွဲထွက်ခွင့်တစ်နေရာပျောက်ဆုံးနေသည့်အတွက် စတန်းဖို့ဒ်ဘရစ်ချ်ကိုကျောခိုင်းတော့မည်ဟု အတိအလင်းပြောကြားထားသူဖြစ်သည်။ ထို့အပြင် မေ ၂၀ ရက်က ချက်၏ကိုယ်စားလှယ် ဗစ်တာကိုလာက ကစားသမားကိုယ်တိုင်ကပင် မန်ယူ (သို့မဟုတ်)အာဆင်နယ် အသင်းတစ်သင်းသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေသည်ဟုလည်း ဆိုထားခဲ့သည်။

ထို့ကြောင့် စခိုးလ်က အသက်(၃၃)နှစ်အရွယ်ရှိ ချက်ကိုခေါ်ယူနိုင်ခြင်းမှာ ဗန်ဒါဆားအား ခေါ်ယူစဉ်ကကဲ့သို့ တူညီသော အကျိုးသက်ရောက်မှုကို ဖြစ်စေနိုင်သည့်အတွက် မန်ယူ၏ အောင်မြင်သော ခေါ်ယူမှုတစ်ရပ်ဖြစ်လာလိမ့်မည်ဟုလည်း ယုံကြည်နေသည်။

စခိုးလ်က"တကယ်လို့ ဒီဂီယာ ထွက်ခွာမယ်ဆိုရင်ယူနိုက်တက်က ပီတာချက်ကို အရခေါ်ယူသင့်တာပေါ့။ ဒါကို ကျွန်တော်စဉ်းစားမိတော့ ယူနိုက်တက်ကိုဗန်ဒါဆား ၂၀၀၅က ရောက်လာတဲ့အချိန်ကိုသွားပြီး အမှတ်ရမိတယ်။ ယူနိုက်တက်က ပီတာ ရှမိုက်ကယ်လ်နောက်ပိုင်းသူ့ခြေရာနင်းနိုင်တဲ့ ဂိုးသမားကောင်းကောင်းကို ရှာဖွေဖို့ အချိန်အတော်ကြာ ရုန်းကန်ခဲ့ရတယ်။ ဘားသက်ဇ်ကလည်း ရှမိုက်ကယ်လ်နီးနီး ယူနိုက်တက်ရဲ့ ဂိုးပေါက်ကို လုံခြုံစေခဲ့ပါတယ်။ ဒါပေမယ့် ဗန်ဒါဆားက ဖူလ်ဟမ်ကရလာတဲ့ ပရီမီယာလိဂ် အတွေ့အကြုံတွေ ကြွယ်ဝနေတော့ သူ့ကို အဆင်သင့်အသုံးချ ရုံပါပဲ။ သူနဲ့အတူယူနိုက်တက်က ချန်ပီယံလိဂ် ဖလားတောင် ထပ်မံဆွတ်ခူးနိုင်ခဲ့သေးတယ်လေဗျာ။ ဗန်ဒါဆားက မန်ယူကိုရောက်တော့ ၃၅ နှစ်နီးနီးရှိနေပါပြီ။ ချက်ကလည်းအခုဆို (၃၃)နှစ်ပါ။ ဗန်ဒါဆားတောင် ယူနိုက်တက်အတွက် ခြောက်ရာသီလောက် ကစားပေးနိုင်ခဲ့တယ်ဆိုတော့ ပီတာချက်ကို ခေါ်နိုင်မယ်ဆို သူကရှစ်ရာသီလောက် ကစားပေးနိုင်ပါလိမ့်မယ်" ဟုပြောကြားခဲ့သည်။

## မေ ၂၃ ရက်နေ့ ယှဉ်ပြိုင်မည့် စပိန်လာလီဂါ ပွဲစဉ်များ

ည-၁၁း၃၀
ဘီလ်ဘို - ဗီလာရီးယဲယ်

ည-၁၁း၃၀
လီဗန်တေး - အဲလ်ချီ

ည-၁၁း၃၀
ဘာစီလိုနာ - ဒီပို့တီဗို

ည-၁၁း၃၀
ဂရန်နာဒါ - အက်သလက်တီကို

ည-၁၁း၃၀
ဗယ်လီကာနို - ဆိုစီဒက်

ည-၁၁း၃၀
အီဘား - ကော်ဒိုဘာ

ည-၁၁း၃၀
ရီးယဲလ်မက်ဒရစ် - ဂီတာဖေး

ည-၁၁း၃၀
ဆယ်တာဗီဂို - အက်စ်ပန်ညော

ည-၁၁း၃၀
အယ်မာရီယာ - ဗလန်စီယာ

ည-၁၁း၃၀
မာလာဂါ - ဆီဗီလာ

## အားကစားလောက သတင်းတိုများ

- မန်ယူသည် ဘိုင်ယန်အသင်းမှ ကွင်းလယ်ကစားသမား ရှဝိန်းစတိုင်ဂါအား ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းခန့်ဖြင့် ခေါ်ယူရန်နီးစပ်နေကြောင်း သိရသည်။
- ပေါ့ဘာအား မန်စီးတီးမှ မြင့်မားသည့်လစာနှုန်းထားဖြင့် ကမ်းလှမ်းထားသော်လည်း ကစားသမားကိုယ်တိုင်ကမူ မန်စီးတီးထက် ဘာစီလိုနာသို့သာ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည်ဟု ဆိုခဲ့သည်။
- ဘာစီလိုနာက အာဆင်နယ်တောင်ပံ ကစားသမား အာရွှန်ရမ်ဆေးအား ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ ဖြင့် ကမ်းလှမ်းလာခဲ့သည်။
- လီဗာပူးဘက်မှ တိုက်စစ်မှူး စတားလင်းနှင့် စာချုပ်သစ်ကိစ္စဆွေးနွေးရန် ဖျက်သိမ်းခဲ့ကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ဘင်ဇီမာသည် တံကောက်ကြော ဒဏ်ရာကြောင့် ရီးယဲလ်မက်ဒရစ်နှင့် ဂီတာဖေးတို့ ယှဉ်ပြိုင်မည့် လာလီဂါပွဲစဉ်ကို လွဲချော်မည်ဖြစ်သည်။

## ကားဆီးလက်စ်အပေါ် ရီးယဲလ်ပရိသတ်များဝေဖန်မှုမှာ မျှတမှုမရှိဟု ဇာဗီဆို

ဘာစီလိုနာကွင်းလယ်လူ ဇာဗီက ရီးယဲလ်ပရိသတ်များ၏ အသင်းခေါင်းဆောင်ကားဆီးလက်စ်အပေါ် လှောင်ပြောင် ဝေဖန်နေခြင်းမှာ တရားမျှတမှုမရှိသော လုပ်ရပ်များသာဖြစ်၍ ၎င်းအနေဖြင့် လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။ လတ်တလောတွင် ရီးယဲလ် ဖလားလက်မဲ့ရာသီအကြောင်းတရား၏ တရားခံအဖြစ်စွပ်စွဲခံနေရသော နည်းပြအန်စလော့တီ၊ ဂိုးသမားကားဆီးလက်စ်နှင့် တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်တို့ သုံးဦးစလုံး ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးယဲလ်မှထွက်ခွာရန် အလားအလာများနေသည်။

ဇာဗီက ဘာစီလိုနာမှထွက်ခွာကာ ကာတာကလပ်အယ်ဆတ်သို့ပြောင်းရွှေ့မည့်အကြောင်းကြေညာခဲ့ရာတွင် ကားဆီးလက်စ်အပေါ် ရီးယဲလ်ပရိသတ်များ၏ လှောင်ပြောင်သည့်အပြုအမူများ၊ ဝေဖန်သံများကို ကြားနေရခြင်းအပေါ် စိတ်မသက်မသာဖြစ်ရသည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဇာဗီက " အခုကားဆီးလက်စ်နဲ့ ပတ်သက်ပြီးကြားနေရတာတွေအပေါ် ကျွန်တော်ဘယ်လိုမှမနှစ်သက်နိုင်ပါဘူး။ သူက စပိန်လက်ရွေးစင်အသင်းအတွက်ရော၊ ရီးယဲလ်အတွက်ရော အမြဲတမ်း အကောင်းဆုံးပေးဆပ်နေတဲ့ ကစားသမားမျိုးပါ။ အခုအနေအထားတွေအားလုံးပြောင်းလဲသွားမယ်လို့ ကျွန်တော်မျှော်လင့်ထားပါတယ်။ ပရိသတ်က သူ့အပေါ် ဒီထက်ပိုပြီးကောင်းကောင်းဆက်ဆံသင့်ပါတယ်" ဟုဆိုသည်။



မေလဲ့သင်း စုစည်းသည်



## အွန်နရီ၏ဝေဖန်မှုများကို အသေးအဖွဲ့ကိစ္စဟုသာ သဘောထားဟု ဂီရော့ဒ် တုံ့ပြန်

အာဆင်နယ်တိုက်စစ်မှူးဂီရော့ဒ်က အွန်နရီ၏ ၎င်းအပေါ် ဝေဖန်နေခဲ့မှုများမှာ အဓိပ္ပာယ်မဲ့သော ဝေဖန်မှုသာဖြစ်သည့်အတွက် လွယ်ကူသော အသေးအဖွဲ့ အရာတစ်ခုအဖြစ်သာ သဘောထားသည်ဟု တုံ့ပြန်ခဲ့သည်။

အမ်းမရိတ်ကွင်းတွင် အာဆင်နယ်နှင့်ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ဂိုးမရှိသရေလဒ်သာ ထွက်ပေါ်ခဲ့ပြီးနောက် အာဆင်နယ်သည် ပရီမီယာလိဂ်ဖလားလမ်းကြောင်းမှ သွေဖည်သွားခဲ့ရာ ယခင်အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီက အာဆင်နယ်အနေဖြင့် အဓိကတိုက်စစ်မှူးအဖြစ် ဂီရော့ဒ်ကိုသာ အားကိုးအားထားပြုနေရလျှင် ပရီမီယာလိဂ်ဖလား ဆက်လက်ဝေးကွာနေမည်ဖြစ်သည့်အတွက် အရည်အသွေးမြင့် တိုက်စစ်မှူးတစ်ဦး ထပ်မံဝယ်ယူရန်တိုက်တွန်းခဲ့သည်။ အွန်နရီက ဂီရော့ဒ်၏တစ်ဦးတည်းစွမ်းဆောင်ရည်ဖြင့် ပရီမီယာလိဂ်ဖလားကဲ့သို့ ရေရှည်ချဉ်းကပ်ရသော အမှတ်ပေးပြိုင်ပွဲအတွက်မလုံလောက်နိုင်ဟု ထောက်ပြခဲ့သည်။

အွန်နရီက သူ့အနေဖြင့်ဂီရော့ဒ်၏ကြိုးစားမှုကို အသိအမှတ်ပြုသော်လည်း ဂီရော့ဒ်တစ်ဦးတည်းဖြင့် ပရီမီယာလိဂ်ဖလားစိန်ခေါ်နိုင်လိမ့်မည်မဟုတ်ဟု Sky Sportsသို့ပြောကြားခဲ့ရာ အာစင်ဝင်းဂါးက ဂီရော့ဒ်ဘက်မှ ကာကွယ်ပြောဆိုပေးမှုများရှိခဲ့သည်။

ဂီရော့ဒ်က" အွန်နရီက အဓိပ္ပာယ်မရှိတာတွေအများကြီးပြောနေတယ်။ ဒါကသူဖြစ်စေချင်တဲ့ဆန္ဒအတိုင်းပြောခဲ့တာဆိုပေမယ့် ဗုံးတစ်လုံးလိုပဲ အသင်းအတွက်အန္တရာယ်ရှိပါတယ်။ ကလပ်အသင်းနဲ့ပတ်သက်ပြီး သူဝင်ရောက်စွက်ဖက်နေတာဟာ မကောင်းပါဘူး။ ဒါက ကျွန်တော့်ကိုဝေဖန်လို့ပြောတာမျိုးမဟုတ်ဘဲ အသင်းကို ဝေဖန်လို့ပြောရတာမျိုးပါ။ ဒါမျိုးကြားရတာ ကျွန်တော်စိတ်မချမ်းသာပါဘူး။ သူ့လို အာဆင်နယ်နဲ့ ပြင်သစ်တိုက်စစ်မှူးဟောင်းတစ်ယောက်က ဒီလိုစကားမျိုးမပြောသင့်ပါဘူး။ ဒါက ကျွန်တော့်ရဲ့ သိက္ခာတရားကိုလည်းထိခိုက်စေပါတယ်" ဟု L'Equipe သို့ ပြောကြားခဲ့သည်။

## ယာဉ်ပေါ်တက်ရာ ပြုတ်ကျပြီး နောက်ဘီးနှင့်ကြိတ်မိ၍ သေဆုံး

**ကသာ မေ ၂၂**

ဗန်းမော်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၈၄/၂) ကြား၌ မေ ၂၀ ရက် ညနေပိုင်းက ကားဝဲဘက်ဘော်ဒီမှ ယာဉ်ပေါ်တက်ရာ ပြုတ်ကျသဖြင့် ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်-မန္တလေးကားလမ်း အင်ဒေါင်းရွာအနီး ဆိုင်နိုစကော့ ကြံဝယ်ယူရေးရှေ့တန်းရုံးအနီး မြတ်နိုးမောင် မောင်းနှင်လာသည့် Nissan UD ခြောက်ဘီးအဖြူရောင်ယာဉ်သည် အဆိုပါရုံး၌ ခေတ္တရပ်နားပြီး ပြန်လည်ထွက်ခွာလာစဉ် ကြံတင်အလုပ်သမား ထက်ဇော်နိုင်(ခ)ငမိုး (၂၂) နှစ် ရေပုံရွာ ထီးချိုင့်မြို့နယ်နေသူသည် ကားဝဲဘက်ဘော်ဒီမှ ကားပေါ်သို့တက်ရာ ပြုတ်ကျသဖြင့် ဝဲဘက်နောက်ဘီးဖြင့် ကြိတ်မိပြီး ညာဘက် ဦးခေါင်း၊ ပါးစပ်၊ နှာခေါင်းတို့တွင် ဒဏ်ရာများရရှိ၍ ထီးချိုင့်ဆေးရုံသို့ပို့ဆောင်ရာ လမ်းတွင် သေဆုံးခဲ့သည်။

ယာဉ်ကိုပေါ့ဆစွာမောင်းနှင်သူ မြတ်နိုးမောင်(ခ)ဖိုးသား (၂၂) နှစ် ရေပုံရွာ ထီးချိုင့်မြို့နေသူအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ(ကသာ)**



## ကျွန်းလှမြို့နယ်၌ တရားမဝင် တမလန်းတုံးများ သိမ်းဆည်းရမိ

**ကျွန်းလှ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် အင်းကောင်းကျေးရွာ၌ တရားမဝင်သယ်ဆောင်လာသော တမလန်းခားရွေတုံးများ မေ၂၂ရက်က သိမ်းဆည်းရမိကြောင်း သိရသည်။

ကျွန်းလှမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းထူးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် မေ၂၂ရက် နံနက် ၅နာရီခန့်က အင်းကောင်းကျေးရွာ လျှပ်စစ်ထရန်စဖော်မာအနီး MDY 1H/---- Eligand ခဲရောင်ယာဉ်အား ရှာဖွေရာ ယာဉ်မောင်း သိန်းဇော်ထွန်း (၃၅)နှစ် မတ္တရာမြို့နယ် မန္တလေးမြို့နေသူနှင့် ယာဉ်နောက်လိုက် သူရိန်(၂၇)နှစ် ဆင်ပန်းကုန်းရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူတို့နှင့်အတူ တမလန်းခားရွေတုံး ၁၁တုံး (သုည ဒသမ ၅၃၅၈ တန်)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ မြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်ထွန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ သစ်တောဝန်ထမ်းများသည် ယင်းနေ့ နံနက်၅နာရီခွဲက အင်းကောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှေ့၌ စောင့်ဆိုင်းနေစဉ် YGN7C/-----SuperExceed အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်း ထွန်းခိုင်(၃၅)နှစ်နှင့် ယာဉ်နောက်လိုက် ဝင်းတင့် (၃၈)နှစ် ဆားကာတောင်ကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူတို့နှင့်အတူ တမလန်းခားရွေတုံး ၁၀တုံး (သုည ဒသမ၅၂၂တန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

## မီးလောင်မှုဖြစ်ပွားသဖြင့် နေအိမ် ၅လုံး မီးလောင်ဆုံးရှုံး

**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် ရန်စီကျေးရွာနေ ဦးဝမ်းမဲ(၄၀)နှစ်၏ နေအိမ်တွင် မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မီးလောင်မှုဖြစ်ပွားသဖြင့် နေအိမ် ၅လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ် ရန်စီကျေးရွာနေ ဦးဝမ်းမဲ(၄၀)နှစ်၏ နေအိမ်တွင် ရောက်ရှိနေသည့် ဂလွန်းကျေးရွာနေ ဦးရာပဲ(၅၀)နှစ်သည် ရေနွေးအိုးတည်ရန် မီးဖိုပေါ်ရှိရေနွေးအိုးထဲသို့ ဓာတ်ဆီပုံးအား ရေပုံးအထင်ဖြင့် လောင်းထည့်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျေးရွာနေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် လူ/ တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ သက်ငယ်မိုး၊ ထရံကာ၊ ဝါးခင်း နေအိမ် ၅လုံး မီးလောင်ဆုံးရှုံးသွားသဖြင့် ဦးရာပဲအား ဒုံဟီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကြေးမုံ**

## ဝါစေ့ကွဲအိတ်မှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

**အောင်လံ မေ ၂၂**

အောင်လံမြို့ ရွာထောင်ရပ်ကွက်နေသူ ထွန်းထွန်း(၃၀)နှစ်၏ နေအိမ်နောက်ဖေး နွားစာသိုလှောင်ရုံအတွင်း သိုလှောင်ထားသော ဝါစေ့ကွဲအိတ်မှ အပူလွန်ကဲ၍ မေ ၂၀ ရက် နံနက် ၂ နာရီ ၂၅ မိနစ်တွင် မီးစတင်လောင်ခဲ့ရာ မီးလောင်ရာသို့ အောင်လံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တို့က ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၃နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဝါစေ့ပိဿာ ၂၀ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး ထွန်းထွန်းအား အောင်လံမြို့နယ်၊ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညိုညိုဝင်း (မကွေး)**

## မိုးရွာစဉ် ယာဉ်မောင်းသူများလိုက်နာရန် သတိပေးနှိုးဆော်ချက်

(က) မိုးရွာစဉ် ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များ သတိပြုပါ-

(၁) လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။

(၂) မော်တော်ယာဉ်များ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။

(၃) မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။

(၄) လမ်းပေါ်တွင် ရွှံ့ညွန်များရှိလျှင် လမ်းချော်နိုင်သည်။

(၅) အရှိန်ပြင်းစွာ မမောင်းပါနှင့်။

(၆) ဘရိတ်ကိုရုတ်တရက် မနင်းပါနှင့်။

(၇) ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။

(၈) ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။

(၉) မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။

(၁၀) မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

(ခ) အထက်ပါစည်းကမ်းချက်များအား မလိုက်နာ၍ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားပါက ထိရောက်စွာအရေးယူခြင်းခံရမည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## လုယက်မှုကျူးလွန်သူများအား ၂၄နာရီအတွင်း ဖမ်းမိ

**ရန်ကုန် မေ ၂၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အလုံလမ်းမပေါ်တွင် မေ ၂၁ရက် နံနက်ပိုင်းက လုယက်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၁ ရက်က အောင်သက်ပိုင် ဧရာဝတီလမ်း အလုံမြို့နယ်၊ သန့်ဇင်အောင် ဂဥ္ဇုန်ရပ်ကွက် အလုံမြို့နယ်နှင့် ဖြိုးပြည့်အောင် ဆင်မင်းလမ်း ဂဥ္ဇုန်ရပ်ကွက် အလုံမြို့နယ်နေသူတို့သည် အလုံလမ်းအတိုင်း လမ်းလျှောက်လာစဉ် အလုံလမ်းပေါ်ရှိ အထက(၂)ကျောင်းရှေ့အရောက်၌ တက္ကစီအနီရောင် ချယ်ရီအမျိုးအစားယာဉ်မှာ ၎င်းတို့အားကျော်တက်ကာ ကားရပ်ပြီး ကားပေါ်မှ လူလေးဦးဆင်းလာကာ ၎င်းတို့အား ကားခပေးစရာမရှိ၍ ပိုက်ဆံပါလျှင်ပေးခဲ့ရန် ပြောဆိုသဖြင့် ၎င်းတို့မှ လမ်းလျှောက်ထွက်လာ၍ ပိုက်ဆံမပါကြောင်းပြောရာ လက်သီးဖြင့် ထိုးကြိတ်ကာ လွယ်ထားသည့် ကျောပိုးအိတ်အား လုယူကာ ၎င်းတို့စီးလာသည့်တက္ကစီဖြင့် ထွက်သွားသည်။

အိတ်အတွင်း ငွေကျပ် ၄၀၀၀၀၊ I PAD-2 အမျိုးအစား (တန်ဖိုးငွေကျပ် ၅၀၀၀၀၀ခန့်ရှိ) ငွေရောင်ဖုန်းတစ်လုံး (လိုင်းကတ်မပါ)တို့ ပါသွားပြီး အောင်သက်ပိုင်တွင် ညာပါးဖူးရောင်နာကျင်၊ ညာဇက်ပိုး နာကျင် ဒဏ်ရာ၊ သန့်ဇင်အောင်တွင် ဘယ်နားထင်နာကျင်၊ ကုပ်ပိုး နာကျင်ဒဏ်ရာတို့ ရရှိခဲ့သည်။



၎င်းတို့အားထိုးကြိတ်ပြီး ပစ္စည်းများ လုယူသွားသူ လေးဦးအား အရေးယူပေးရန် အလုံမြို့မရဲစခန်းသို့ လာရောက် တိုင်တန်းသဖြင့် အနောက်ပိုင်းခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်မြင့်မော်၊ အလုံမြို့နယ်မြို့မရဲစခန်းမှ နယ်ထိန်း အရာရှိ ဒုရဲအုပ်ဌေးအောင်နှင့် ဒုရဲအုပ် ဝင်းကိုတို့ ခေါင်းဆောင်သောအဖွဲ့ သုံးဖွဲ့သည် အခင်းဖြစ်ယာဉ်အား လိုက်လံစုံစမ်းရာ သယ်န်းကျွန်းမြို့နယ်နေသူ စံမင်းထက်(ခ)စံကြီး မောင်းနှင်သောယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် စောင့်ဆိုင်းဖမ်းဆီးရာ ည ၈နာရီခွဲတွင် ယာဉ်မောင်း စံမင်းထက်(ခ) စံကြီး (၃၇)နှစ် စံပြ(၇)လမ်း စံပြရပ်ကွက် သယ်န်းကျွန်းမြို့နယ်နေသူအား မော်ကွန်းသစ် လက်ဘက်ရည်ဆိုင်တွင် ဖမ်းဆီးမိပြီး ရန်ပိုင်(ခ)ရန်နိုင်ထူး (၁၉)နှစ် (ကျပန်း) ဆရာစံလမ်း ဆရာစံအရှေ့ရပ်ကွက် ဗဟန်းမြို့နယ်နေသူ၊ အောင်ဝင်းထွန်း(ခ) နားပေါက် (၁၉)နှစ် (ကျပန်း) သီရိဇေယျာလမ်းသွယ် ဘောက်ထော် (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်နေသူ၊ ရဲမွန်ခန့်(ခ)ဖိုးခွား (၃)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူနှင့် မျိုးမင်းဦး(ခ)ဝိတ်ပေါ (၂၃)နှစ် (၁၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူတို့အား ၂၄နာရီအတွင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုပုဒ်မ-၃၉၄ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

## မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကွတ်ခိုင်**

မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ ကောင်းခါးကျေးရွာလမ်းခွဲအနီးတွင် မေ ၁၉ ရက်က ကောင်းခါးကျေးရွာဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ ဘရန်ခွန် မောင်းနှင်လာသော ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူ အလေးချိန် သုညဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၈၅ ပြားကို သိမ်းဆည်းရမိသဖြင့် ဘရန်ခွန် (၃၄)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျိုင်းတုံ**

ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် မေ ၁၈ ရက်က ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု မိုင်းဇင်းကျေးရွာနေ မအားရဲ (ခ) ဘူးရဲ၏ နေအိမ်ကို ရှာဖွေရာ ၎င်း၏ သားဖြစ်သူ လော်ဘာ (ခ) အားထွေအား တွေ့ရှိပြီး နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၊ ခားမြှောင်လက်ကိုင်ရိုးနောက်ပိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၅ ပြား စုစုပေါင်း ဆေးပြား ၃၀၀၅ ပြား၊ မူးယစ်ဆေးဝါး ရောင်းရငွေကျပ် ၁ ဒသမ ၃၆၅ သိန်းနှင့် မော်တော်ဆိုင်ကယ် နှစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် လော်ဘာ (ခ) အားထွေ (၁၉) နှစ်နှင့် မအားရဲ (ခ) ဘူးရဲ (၄၀) နှစ်တို့ အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

**ကြေးမုံ**

❑❑❑



ဘရန်ခွန်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆောင်းပါး

# "ကလောမြို့ရဲ့စေတနာအလှ (သို့မဟုတ်) ကလောသက်ကြီးရွယ်အိုတို့ကျန်းမာစေဖို့၊ (သို့မဟုတ်) ကလောမြို့ရဲ့စေတနာအလှနှင့်သက်ကြီးရွယ်အိုတို့ကျန်းမာရေး"



ကျွန်တော်သည် မကြာခင်သောကာလက မိတ္ထီလာမြို့၏ အပူလွန်ကဲမှုနှင့်ခရမ်းလွန် ရောင်ခြည်မြင့်တက်မှုကို မခံစားနိုင်၍ အသက်ရှူရာရှူကြောင်း အပူရှောင်သောအနေဖြင့် ကလောမြို့သို့သွားရောက်ခဲ့ပါသည်။

ကလောမြို့သည် အလွန်လှပသော မြို့လေးတစ်မြို့ဖြစ်ပါသည်။ ကလောဆိုသည်မှာပလောင်စကားအရ ဒယ်အိုးကြီးကဲ့သို့ သဏ္ဌာန်ဖြင့်တည်ထား၍ ညအခါမီးရောင်များဖြင့် အလွန်လှပသောမြို့လေးတစ်မြို့ဖြစ်ပါသည်။ ကျွန်တော်ရောက်ချိန်သည် သင်္ကြန်ကာလဖြစ်သဖြင့် ပြည်တွင်းဧည့်သည်များနှင့်နိုင်ငံခြားဧည့်သည်များဖြင့် စည်ကားလျက်ရှိနေပါသည်။

ကျွန်တော်ကလောမြို့ကို လေ့လာရာတွင် ယခင်ကတည်းကကြိုတင်သိထားသော လူမှုရေးလုပ်ငန်းဖြစ်သော ခရိုင်ပြည်သူ့ဆေးရုံ၊ ကလောမြို့ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုလုပ်ငန်းကို လေ့လာခွင့်ရခဲ့ပေသည်။ ကျွန်တော်ကိုယ်တိုင် ပရဟိတ နယ်လှည့်ဆေးကုခြင်း၊ကျန်းမာရေးအသိပညာပေးခြင်းများကို ရောက်လေရာအရပ်ဒေသတွင်လုပ်ကိုင်ရာယခု ကလောမြို့နယ်တွင်လည်း သူတို့၏ လူမှုရေးလုပ်ငန်းကို တတ်သောအသိပညာဖြင့် ကူညီလုပ်ကိုင်ပြီး ကျွန်တော်မြင်သော၊ ကျွန်တော်သိသော အကြောင်းအရာ များကို စာဖတ်သူများအားမျှဝေပေးပါသည်။

တကယ်တော့ ခရိုင်ပြည်သူ့ဆေးရုံ (သက်ကြီးရွယ်အိုတို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း) သည် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်နွဲ့ရီလက်ထက် ၂၀၀၄ ခုနှစ်မှစ၍ ယခုအခါ ၁၀ နှစ်လွန် သက်တမ်းသို့ရောက်ခဲ့သော် အများအကျိုးဆောင် လုပ်ငန်းတစ်ခုဖြစ်သည်။ နိုင်ငံတော်မှချမှတ်သော သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုစီမံချက်ဝင် မြို့တစ်မြို့အဖြစ် ခရိုင်ဆေးရုံအုပ်ကြီးမှ ယခုထက်တိုင်အောင်မြင်အောင်ဆောင်ရွက်နေသော မြို့တစ်မြို့ဖြစ်ပါသည်။

ယခုအခါ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်မို့မို့ဦးဆောင်၍ ဆေးရုံကြီးရှိ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သွားဘက်ဆိုင်ရာ ဆရာဝန်၊ ဆေးရုံရှိကျန်းမာရေးဝန်ထမ်း၊ ဆရာ/ ဆရာမများနှင့် ရုံးအဖွဲ့များ၊ မြို့မိမြို့ဖ ဦးဆောင်သော ကုသိုလ်တော်ဖြစ်အကျိုးတော်ဆောင်(သက်ကြီး ရွယ်အိုစောင့်ရှောက်ရေးအဖွဲ့) ကလောမြို့သူ/မြို့သားများနှင့် ယနေ့ထက်တိုင် အောင်မြင်အောင်ဆောင်ရွက်နေသောလုပ်ငန်းအဖြစ်တွေ့မြင်ရပါသည်။

ယင်းလူမှုရေးလုပ်ငန်းတွင် ကျွန်တော် မြင်တွေ့ခဲ့သော ထူးခြားချက်များမှာ လစဉ် နှစ်ပတ်တစ်ကြိမ် ပြည်သူ့ ဆေးရုံဝန်းအတွင်းမှ ဗုဒ္ဓဟူးနေ့တိုင်းမပျက်မကွက် စိတ်အားထက်သန်စွာယနေ့ထက်တိုင် ဆောင်ရွက်နေခြင်း၊ တစ်နေ့လာသောလူနာများမှာလည်း ပျမ်းမျှ ၂၂၀ ဦးမှ ၃၀၀ ဦးထက် ရှိနေခြင်း၊ လာသောလူနာများအား ဘုန်းတော်ကြီး၊ သီလရှင်၊ ယောဂီ၊ မိန်းမ၊ စစ်ပြန်စစ်မှုထမ်းဟောင်း စသည်အားဖြင့် အရောင်ငါးမျိုးစာအုပ်ခွဲခြားထားခြင်း၊ ယင်းစာအုပ်များကို ဆေးရုံမှ ပြန်လည်သိမ်းထားခြင်း၊ ဆေးခန်းဖွင့်သောနေ့မှ ပြန်ပေးဝေခြင်း၊ လာသောသူအားလုံးကို ဆေးရုံရှိ ဆရာ၊ ဆရာမများ လုပ်အားပေးစေတနာ ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်တိုင်းခြင်း၊ သွေးချိုတိုင်းခြင်း၊ ကြိုတင်ပြုလုပ်ထား၍ နောက်မှ သက်ဆိုင်ရာ ဆရာဝန်များကို စနစ်တကျပြသဆေးကုသပေးခြင်းများ၊ ဆေးများကိုလည်း နှစ်ပတ်စာအပြည့်အဝပေးနိုင်ခြင်းများကို ဆောင်ရွက်ထားတာကိုမြင်တွေ့ခဲ့ရပါသည်။

ထို့နောက် ထူးခြားချက်တစ်ခုမှာ ကျွန်တော်တွေ့ရသောလူနာများမှာလည်း အသက် ၆၅ နှစ်မှ အသက် ၉၂ နှစ်အရွယ်အထိရှိပြီး လူမျိုးပေါင်းစုံမြန်မာ၊ မူဆလင်၊ ခရစ်ယာန်၊



ဗုဒ္ဓဘာသာရဟန်းသံဃာ၊သီလရှင်၊ ယောဂီ (အမျိုးသမီး)၊ ခရစ်ယာန်စစ္စတာအပါအဝင် ထူးခြားစွာ မြို့နယ်စစ်ပြန်စစ်မှုထမ်းဟောင်း ၂၈ ဦးကိုပါ ဆေးကုသပေးနိုင်ခြင်းသည် အလွန်ထူးခြားပြီး အလွန်မွန်မြတ်လုပ်ငန်းအဖြစ် အသိအမှတ်ပြုပါသည်။

ယင်းလူမှုရေးလုပ်ငန်းတွင် ကုန်ကျသော ဆေးဖိုးကိုလည်းလေ့လာရာပြည်သူ့ဆေးရုံ အပါအဝင် ကုသိုလ် ဖြစ်ဆေးဝါးအလှူရှင်များ၊ ကလောဈေးပတ်နေ့တိုင်းတွင် အလှူရှင်များ၊ မြို့သူမြို့သားများ၏ လစဉ် အလှူရှင်များ ပူးပေါင်းကုန်ကျခံ၍ တစ်ပတ်လျှင် ကျပ် တစ်သိန်းခွဲကျော်ခန့် ကုန်ကျ၍ ကုသနိုင်ခြင်းသည် အလွန်အံ့သြစရာဖြစ်ခဲ့ပါသည်။ ယခုအခါ တချို့သောပရဟိတလုပ်ငန်းများ ဆက်လက်ရေရှည်ရပ်တည် ထိန်းသိမ်းအောင်မြင်ရန်အတွက် (Sustainability) ငွေကြေးအခက်အခဲများစိန်ခေါ်မှုများ တွေ့ကြုံနေရသည်ကို အသိပေးအပ်ပါသည်။ ယခုအခါ အလှူရှင်များအနေဖြင့် သက်ကြီးရွယ်အိုများအား နို့ဆန်ပြုတ်၊ ကြက်သားဆန်ပြုတ်၊ ကြာဇံဟင်းခါးများ ကျွေးမွေးခြင်း၊ မုန့်များဝေငှခြင်းစသော ကလောမြို့သူ၊ မြို့သားများရဲ့ ရင်တွင်းဖြစ်စေတနာများကို အသိအမှတ်မပြုဘဲ မနေနိုင်ပါ။

ကလောမြို့တွင် နောက်ထပ်ထူးခြားချက်တစ်ခုမှာ မူလသက်ကြီးရွယ်အိုကျန်းမာရေးပြုစုစောင့်ရှောက်ရေးအပြင် အဘိုး၊ အဘွားများ၏ကျန်းမာရေး၊သက်သာချောင်ချိရေးကို ရှေ့ရှု၍ ဆေးရုံတက်ရောက်သည့် အခါ၌ "ဘာသာရေး၊ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့"ကိုလည်း ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဆရာဝန်ကြီး၏ သဘောတူညီမှုရယူ၍ "ကုသိုလ်ဖြစ်အကျိုးတော်ဆောင်အဖွဲ့" ကို ၂၀၁၂ ခုနှစ်၌ စတင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ယင်းလုပ်ငန်းကလည်း အဆင်ပြေသည့် အဘိုး၊ အဘွားအနေဖြင့် တစ်ဦးကို တစ်လလျှင် ကျပ် ၅၀၀ ခန့်ထည့်ဝင်ကျ၍ ယင်းမှရသော အလှူငွေနှင့် အဘိုး၊ အဘွားတစ်ဦးဦးအား ဆေးရုံတက်ကုသမှုခံယူရပါလျှင် ကျပ် ၁၀၀၀၀ ကိုလည်းကောင်း၊ အဘိုး၊ အဘွားတစ်ဦးနာရေးဖြစ်ပေါ်လာပါက ကျပ် ၂၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ကူညီပေးသည်ကို မြင်တွေ့ရပါသဖြင့် သာဓုအနုမောဒနာ ခေါ်ယူအပ်ပါသည်။ ထို့နောက် အလှူငွေ မထည့်နိုင်သော အဘိုး၊ အဘွားများကိုလည်း ခြွင်းချက်အနေဖြင့် ကုသိုလ်ဖြစ်အကျိုးတော်ဆောင်အဖွဲ့မှ သီးခြားအစီအစဉ်အရ ထောက်ပံ့ကူညီပေးသွားသည်ကိုလည်း တွေ့မြင်ရပါသည်။

ကျွန်တော်လည်း ၂၃-၄-၂၀၁၅နေ့တွင် ကလောမြို့ သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် ကျွန်တော်ရေးထားသော(ကြေးမုံသတင်းစာပါ) "လူမှုဘဝကျန်းမာချမ်းသာစေဖို့နှင့် အရွယ်လွန်လျှင်ဖြစ်တတ်သောကျန်းမာရေးပြဿနာများ" ကို ကျန်းမာရေးအသိပညာပေး ဟောပြောပွဲအဖြစ် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဆေးရုံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်လုပ်အားပေးခဲ့ပါသည်။ ယင်းနေ့တွင် ကလောမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အဘိုး၊ အဘွား လူနာ ၂၃၀ ဦးကျော်ခန့် လာရောက်ဆေးကုသမှုခံယူခဲ့ပါသည်။

ယင်းလူမှုရေးလုပ်ငန်းတွင် အထူးခြားဆုံးသော လုပ်ဆောင်ချက်တစ်ခုမှာ ကျန်းမာရေးမှူး အဆင့် (၁) ဒေါ်ခင်စုကြည်က ဦးဆောင်လျက် အဘိုး၊ အဘွားအားလုံးနှင့်အတူ ကိုယ်လက်လှုပ်ရှားမှုများကို ဆေးမကုသမီ ၁၅ မိနစ်ခန့်လုပ်ခဲ့ရာ တစ်ကိုယ်လုံးရှိ အရိုး၊ အကြော၊ အဆစ် အားလုံးပါဝင်သော "ကြက်ဥကောက်မယ်" လေ့ကျင့်ခန်းမြင်ကွင်းသည် ကျွန်တော့်မျက်စိတွင်တစ်သက်မမေ့နိုင်သောဖြစ်ရပ်တစ်ခုအဖြစ် ထူးခြားစွာ မှတ်တမ်းတင်ပါသည်။

ကျွန်တော်ကိုကလောမြို့သို့ ရောက်စဉ်ယခုလို လေ့လာခွင့်ပေးခဲ့သော ပြည်သူ့ဆေးရုံကျန်းမာရေးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဒေါ်ခင်မို့မို့နှင့်အတူ ဆရာဝန်ကြီးများ၊ လုပ်အားပူးတွဲဆောင်ရွက်ခဲ့သော လက်ထောက်ဆရာဝန်များ၊ သွားဆရာဝန်များ၊ ဆေးရုံကျန်းမာရေးဝန်ထမ်းများ၊ ဆေးပေးဌာနနှင့် ဆရာမကြီး ဒေါ်ခင်စုကြည် (HA-1) ဆေးရုံရုံးအဖွဲ့များ၊ ဒေါ်ဂရေ့စ်၊ ယင်းကုသိုလ်ဖြစ်လုပ်ငန်းကို အစစအရာရာ ကူညီဆောင်ရွက်ပေးသော ဦးသိန်းအောင်၊ ဦးစောမောင်၊ ကုသိုလ်ဖြစ်အကျိုးတော်ဆောင် အဖွဲ့ဝင် အဖွဲ့သားများ၊ ကိုစိန်ဝင်းမိသားစု(ပြည်သူ့အလင်းစာပေ) နှင့်စေတနာဝန်ထမ်းလုပ်အားပေးများအား အထူးကျေးဇူးတင်ရှိပါကြောင်း ဤဆောင်းပါးဖြင့် အသိပေးဂုဏ်ပြုအပ်ပါသည်။ မေတ္တာဖြင့် ကလောမြို့ရဲ့စေတနာ၊ မေတ္တာအလှ ကမ္ဘာတည်သ၍ ထာဝရရှင်သန်နိုင်ပါစေ။



**လာသော လူနာများအား ဘုန်းတော်ကြီး၊ သီလရှင်၊ ယောက်ျား၊ မိန်းမ၊ စစ်ပြန်စစ်မှုထမ်းဟောင်း စသည့် အရောင် ငါးမျိုး စာအုပ်ခွဲခြားထား. . .**

ဒေါက်တာမြင့်ဦး(ထွေကု-ထီလာ)

# ရာဇာဓိရာဇ်လမ်း ရေစီးရေလာကောင်းရေး ကြိုတင်ဆောင်ရွက်

**ရန်ကုန် မေ ၂၂**

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် အမှတ် ၈/၉ ရပ်ကွက်ရှိ ရာဇာဓိရာဇ်လမ်းတစ်လျှောက် ရေဆိုးမြောင်းအား မေ ၂၁ ရက်က ရေစီးရေလာကောင်းရေးအတွက် ကြိုတင်ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းလင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် မိုးကြိုကာလရေစီးရေလာကောင်းရေး လုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုဆောင်ရွက်နေတဲ့ ရာဇာဓိရာဇ်လမ်းရေဆိုးမြောင်းက နောင်ရိုးချောင်းကို စီးဆင်းမှာပါ။ နောင်ရိုးချောင်းကတစ်ဆင့်ငမိုးရိပ်မြစ်ထွက်ပေါက်ကို စီးဆင်းသွားမယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ စက်ယန္တရားအကူအညီဖြင့် လမ်းတံတားဌာန လုပ်သားများ၊ မြောင်းရှင်းလုပ်သားများက ပူးပေါင်းပြီး ငခင်ညိုလမ်းမှ အနော်ရထာလမ်းအထိ ရာဇာဓိရာဇ် လမ်းရေဆိုးမြောင်းအတွင်း ပိတ်ဆို့အမှိုက် နုံးချေးများကို ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်သည် (၃၅ ဒသမ ၁၄၈) စတုရန်းမိုင် ကျယ်ဝန်းပြီးရပ်ကွက်၊ ကျေးရွာအုပ်စုများဖြင့် ဖွဲ့တည်ထားသော မြို့နယ်ဖြစ်ကာ အထူးသဖြင့်မြို့နယ်အတွင်း နောင်ရိုးချောင်း၊ ဘဲတန်းချောင်း၊ ကျူချောင်း၊ တိုးကြောင်ကလေးချောင်း၊ မစိုချောင်း၊ အလံအုတ်ရိုးချောင်း၊ မဓချောင်း အစရှိသည့် ချောင်းငယ်များဖြတ်သန်းစီးဆင်းနေသဖြင့် မိုးရာသီတွင် ချောင်းမြောင်းများ ရေလျှံမှုမရှိစေရန် ပိတ်ဆို့ချောင်းမြောင်းများအား မိုးကြိုကာလ ကြိုတင်ဆယ်ယူရှင်းလင်းနေကြောင်း သိရသည်။

**မောင်သုည**



## Mobile Library ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မေ ၂၁ ရက် နံနက် ၁၁ နာရီခွဲတွင်သစ်တောရပ်ကွက်၊ အောင်ဇေယျ ရိပ်မွန်ဓမ္မာရုံသို့ သုတ၊ ရသ စာအုပ်စာပေအုပ်ရေ ၇၅အုပ် အားနယ်လှည့် စာကြည့် တိုက်အဖြစ် တစ်လတာ ငှားရမ်းပေးခဲ့သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူ့ဘဝမြင့်မားတိုးတက်ရေး၊ ပြည်သူတို့အား အသိပညာဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ပြည်သူ့ထံအရောက်သွားလျက် ပြည်သူ့အကျိုးပြု စာအုပ်စာပေများ အိမ်တိုင်ရာရောက်ငှားရမ်းပေးသည့် Mobile Library လုပ်ငန်းကို စဉ်ဆက်မပြတ် လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## မူးယစ်ဆေးဝါးအလွဲသုံးမှုပြပွဲကျင်းပ

**မြိတ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သုတ၊ ရသ စာအုပ်စုစုပေါင်း ၁၈၀၀ အုပ်ကို ပြသခဲ့ကြရာ စာပေဝါသနာရှင်များ ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ကြည့်ရှုအားပေးခဲ့ကြသည်။ ၎င်းပြပွဲကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ ကျင်းပကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၂**

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်းရှိ ခတ္တာလမ်းတွင် မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဆိုင်းဘုတ်ဖွင့်ပွဲအား မေ ၁၉ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို ၂၀၀၇ ခုနှစ်တွင် အသင်းသား ၁၀၀ ကျော်ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ အရ အမြတ်အစွန်းခွဲဝေခွင့်မရှိသော အသင်းအပြင်မှတ်ပုံတင်အမှတ် ၃၃၇၈/၂၀၁၁-၂၀၁၂ (၁၀-၁-၂၀၁၂) ရက်စွဲဖြင့်သက်ဆိုင်ရာမှ မှတ်ပုံတင်ခွင့်ရရှိခဲ့သည်။

မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းအဖြစ် တိုးမြှင့်ခြင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၅ (၃၁-၃-၂၀၁၅) အရ ခွင့်ပြုလိုက်သည်ဟု ဧပြီ ၁၀ ရက်က သက်ဆိုင်ရာအကြောင်းကြားစာပေးပို့လာသည်ကို လက်ခံရရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးလှဦးက ပြောသည်။

ယခုအခါ ရန်ကုန်မြို့အပြင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မူဆယ်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့များတွင် အဝေးပြေးကုန်စည်အသင်းရုံးများ ဖွင့်လှစ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အသင်းဝင်ကားဂိတ် လုပ်ငန်းရှင်ပေါင်း ၃၃၆ ဦးထိ ရှိလာသည်။

မြန်မာပြည်အရပ်ရပ်တွင် ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊ အတွေ့အကြုံရသည့် အခက်အခဲများကို အသင်းများမှ ကူညီဖြေရှင်းပေးခြင်း၊ ကုန်စည်စီးဆင်းမှုဆိုင်ရာ သတင်းအချက်အလက်များ ရယူစုဆောင်းကာ လိုအပ်ချက်ရှိ၍ တောင်းခံသည့် ဝန်ကြီးဌာနများသို့ ပေးပို့ပေးခြင်း၊ ကုန်စည်ပို့ဆောင်ခနှုန်းထားများ ကြီးမြင့်မှုမရှိရန် ညှိနှိုင်းဆောင်ရွက်ပေးသည်ဟု အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

မကြာခဏတွေ့ကြုံနေရဆဲဖြစ်သော ပွဲရုံဝင်းယာဉ်ပိတ်ဆို့လျော့ပါးမှု အထောက်အကူဖြစ်ရေး၊ တိုက်ခန်းငှားရမ်းခတစ်ဆနီးပါးမြင့်တက်လာ၍ ကားဂိတ်လုပ်ငန်းရှင်များ၏ အခက်အခဲများအတွက် မန္တလေးကဲ့သို့အဝေးပြေးကုန်ကားဂိတ်ဝင်း မြို့ပြင်တွင်ဖော်ထုတ်နိုင်ရန် နိုင်ငံတော်အဆင့်သို့ တင်ပြမေတ္တာရပ်ခံမှုများပြု လုပ်မည်ဟု တွဲဖက်အတွင်းရေးမှူး ဦးကိုကိုနိုင်က ပြောသည်။

**မောင်စေအောင်**

**ဖခင် အမည်မှန်**

ပန်းတနော်မြို့နယ် အတွင်းအိုးဘို အလက အငှမတန်းမှ မောင်သန်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး(ခ)ဦးမျိုးမြင့်[၁၄/ပတန(နိုင်)၁၀၁၂၅၇]ဖြစ်ပါကြောင်း။

ဦးသိန်းစိုး(ခ)ဦးမျိုးမြင့်

**ပျောက် ဆုံးကြောင်း**

ကျွန်တော် ကျော်မျိုးထက် CDC No.85333 ၏ TANKER လက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၉၂၉၅၉၇၈

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union(ABU)တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015ကို ၂၀၁၅ခုနှစ်၊ မေလ ၂၉ရက် ညနေ၆နာရီမှ ၉နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှအနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။ ယခုလို မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးကြရန်ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel:09 5188504 နှင့် ၀၆၇-၇၉၃၇၄၊ Fax:067-79205, email.irmrtv@ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

MYANMAR INSTITUTE OF EDUCATION

MAY INTAKE
JOIN US NOW!
Call Us!
09254045982
01667009
09972656540
(သုံးလိုင်းဆက်)

EMBA Executive MBA
- Executive Master of Business Administration
- ဘွဲ့တစ်ခုခု ရရှိထားသူ (သို့) ၂၅ ပြည့်ပြီး အလုပ်အကိုင် အတွေ့အကြုံရှိသူ
- အတွေ့အကြုံရှိ ဆရာ/မများမှ သင်ကြားပေးခြင်း
- သင်တန်းပြီးဆုံးပါက AeU မှပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။

MICT Master In ICT
- Master In Information Communication Technology Mgt
- IT နှင့်ပတ်သက်သော ဘွဲ့တစ်ခုခု ရရှိထားသူ
- Online Distance Learning
- သင်တန်းပြီးဆုံးပါက AeU မှ ပေးအပ်သော ဘွဲ့လက်မှတ်ကို ရရှိပါမည်။

In Collaboration with Asia E University, Malaysia.
Email us at: info@myanmarinstituteofeducation.com

**otal Skin Repair ဆိုင်ခွဲ(5)**

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ မျက်နှာအမာရွတ်၊ ချိုင့်ခွက်၊ အရေးအကြောင်းများ ပြုပြင်ရာဌာနမှ ရင်သားကြီးစေရန် ဖြည့်ပေးခြင်း၊ ရင်သားတွဲကျခြင်းကို တင်းပေးခြင်း၊ တင်ပါးချိုင့်ခြင်းကို ဖြည့်ပေးခြင်း၊ တင်ပါးလျော့ကျခြင်းကို ပြုပြင်ပေးခြင်း၊ မျက်ရစ်ဖော်ပေးခြင်း(မခွဲစိတ်)၊ မျက်နှာတင်းရင်းစေရန် ကြိုးထိုးပေးခြင်း၊ အဆီချထိုးဆေးဖြင့် အဆီချပေးခြင်း၊ အသားဖြူဆေးသွင်းပေးခြင်းများကို ဝန်ဆောင်မှုပေးနေပါပြီ။

အမှတ်(11-C) မြေညီထပ်၊ ကျောက်ကုန်းလမ်းမ၊
ရန်ကင်း အထက(၂)ကျောင်းဘေး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph:09-798734478, 09-258304048**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကန်သာယာအုပ်စု၊ အင်တောသာကျေးရွာ မောင်ဆန်းဝင်းကို [၈/တတက(နိုင်)၁၈၄၉၁၂]၏ မိခင် ဒေါ်တင်ရွှေ(ခ) ဒေါ်ပေါက်[၈/တတက(နိုင်)၀၂၁၁၄]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်ပေါက်



# လူမှုရေးစီမံကိန်းများရေးဆွဲခြင်းစီမံချက် ဆွေးနွေး

**ထားဝယ် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရ လူမှုရေးစီမံကိန်းများရေးဆွဲခြင်းစီမံချက် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၉ ရက်နှင့် ၂၀ ရက်များတွင် တိုင်းဒေသကြီး ထားဝယ်မြို့ ဆိပ်ကမ်းသာ(၂) မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအရာထမ်းများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုများကို ဒေသန္တရလူမှုရေးစီမံကိန်းများအကြောင်း အသိပေးရန်ဆွေးနွေးကြောင်း သိရသည်။

ယင်းအပြင် ၎င်းတို့၏အခန်းကဏ္ဍ၊ ဒေသန္တရလူမှုရေးစီမံကိန်းများ၏ အကျိုးရလဒ်များ၊ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကလေးသူငယ်များနှင့် ထိခိုက်လွယ်သူအုပ်စုများအပေါ် အကျိုးရှိမှုများကို ဆွေးနွေးရန် (ကလေးသူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထိခိုက်လွယ်သူအုပ်စုများ၏ လိုအပ်ချက်များကို ဖော်ထုတ်နိုင်ရန်၊ ဒေသန္တရလူမှုရေးစီမံကိန်းများ လုပ်ငန်းစဉ်ကို မည်ကဲ့သို့အသုံးချမည်ဆိုသည်ကို ဆွေးနွေးမည်ဖြစ်သည်။

ယင်းအပြင် ပါဝင်ပတ်သက်သူ၏အခန်းကဏ္ဍကို ဆွေးနွေးရန် (အစိုးရ၊ပြည်သူလူထုကိုယ်စားလှယ်များ၊ ရပ်ရွာအကျိုးသယ်ပိုးဆောင်ရွက်သူများ၊ ပြည်သူလူထုများ) ဒေသန္တရရေးဆွဲခြင်းတွင်ထည့်သွင်းရမည့် အဓိကကဏ္ဍများကို သဘောတူရယူခြင်းနှင့် ၎င်းကဏ္ဍများအလိုက် အလုပ်အမှုဆောင်အဖွဲ့များဖွဲ့စည်းရန်ဟူသော ရည်ရွယ်ချက်ပါဝင်ခဲ့သည်။

တာဝန်ရှိသူတစ်ဦးက တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရလူမှုရေးစီမံကိန်းများရေးဆွဲရေးကော်မတီဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းခဲ့ပြီး တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးမှူး ဦးအေးငွေက တိုင်းဒေသကြီး၊ ငါးနှစ်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းများနှင့်ပတ်သက်၍လည်းကောင်း၊ Unicef မှ ဒေါက်တာတင်အောင်က တိုင်းဒေသကြီး လူမှုရေးကဏ္ဍပိုင်းဆိုင်ရာ အညွှန်းကိန်းများ၊ လက်ရှိအခြေအနေတင်ပြခြင်းနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

UNICEF နယ်ရုံးများဌာနက မစ်(စ်)ခရစ်စတီးနားရှိချဲလာက ကလေးသူငယ်အထူးပြုဒေသန္တရလူမှုရေး စီမံကိန်းများနည်း လမ်းပိုင်းလမ်းညွှန်ချက်များပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရန်ပုံငွေ ၇၅ ဒသမ ၉၅ သန်းဖြင့် မြေသားလမ်းဖောက်လုပ်

**ကနီ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် တောင်ပေါက်-သလင်း-သင့်ကန် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပြီး ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၉၅ သန်းဖြင့် မေ ၁၇ ရက်မှစတင်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ယန္တရားများဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ တောင်ပေါက်ကျေးရွာ၊ သလင်းကျေးရွာနဲ့ သင့်ကန်ကျေးရွာတို့မှာ မိုးရာသီမှာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့ လူမှုစီးပွားရေးကူးသန်းသွားလာရန်အတွက် အလွန်ခက်ခဲ့ရပါတယ်။ အခု ကျွန်တော်တို့ တောင်ပေါက်-သလင်း-သင့်ကန် ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ပြီး ဂျင်းမြေခင်းပေးမှာဖြစ်တဲ့အတွက် သွားရေးလာရေးတွေ အဆင်ပြေတော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကျေးရွာချင်းဆက်လမ်းမှာ မုံရွာ-ယာကြီး-ကလေးဝသွား ပြည်ထောင်စုလမ်းမကြီးနဲ့ ဆက်သွယ်ဖောက်လုပ်ထားတဲ့အတွက် ကျွန်တော်တို့ တောင်ပေါက်ကျေးရွာ၊ သလင်းကျေးရွာနဲ့ သင့်ကန်ကျေးရွာတွေအပြင် ရွာပေါင်း ၁၃ ရွာမှက ဒေသခံပြည်သူလူထု ၈၇၃၀ ဦးအတွက် ရာသီမရွေးသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ ကျောင်းသား ကျောင်းသူလေးများ၏ ပညာရေးလည်း မြင့်မားကာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**သန်းငွေအောင်(ကနီ)**

# ကျေးရွာချင်းဆက်ကျောက်ခင်းမှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ထန်တလန် မေ ၂၂**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၁၇၃ ဒသမ ၈၅၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆိုပွမ်း-ဗန်ဇန်း-ဖာရွန်းကျေးရွာချင်းဆက်လမ်း သုံးမိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို မေ ၁၈ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဟားခါးခရိုင်မှူး ဦးလိန်းနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးချန်ဟမ်းတို့က ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

အဆိုပါလမ်းကို ချင်းလဲင်းညီညွတ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်း၏ ၉၀ ရာနှုန်းပြီးစီးနေပြီးဖြစ်ကြောင်း၊ လုပ်ငန်းရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာခြောက်ရွာမှ ပြည်သူ ၅၀၀၀ ကျော်တို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုးမျှော်ချိန် မိုးရေရရှိခြင်းကြောင့် စိုက်ပျိုးရေးအတွက် ပြင်ဆင်

**ရမည်းသင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် မေ ၂၀ ရက်တွင် အချိန်ကြာမြင့်စွာရွာသွန်းခဲ့၍ တောင်သူများအတွက် စိုက်ပျိုးရန် မိုးမျှော်နေချိန်တွင် မိုးရေရရှိခြင်းကြောင့် စိုက်ပျိုးရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

မိုးမျှော်နေရသော တောင်သူများအတွက် စိုက်ပျိုးရန်အသင့်ဖြစ်သည့် ပဲတီစိမ်းစိုက်ပျိုးရန်နှင့် အသင့်ပျိုးထောင်ထားသောငရုတ်လည်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

ရမည်းသင်းမြို့ပေါ်ရပ်ကွက်များ၊ မြို့မဈေးပတ်ပတ်လည်လမ်းများပေါ် ရေကျော်နေမှု၊ ဘူတာလမ်းဆုံလမ်းများပေါ်ရေကျော်နေမှုတို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ သန့်ရှင်းရေးလုပ်သား ၁၂ ဦးဖြင့် ရေမြောင်းများ လိုက်လံဆယ်ယူခြင်း၊ ပိတ်ဆို့နေသောတံတားများအတွင်းရှိ အမှိုက်များဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**တင်ဦး(ရမည်းသင်း)**









အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ခိုင်တစ်ယောက်က ကျွန်တော် ထင်သည်ထက်ပင် အောင်မြင်လာခဲ့လေသည်တကား။

မည်သူက မည်သို့ဆို၍ သူကိုယ်တိုင်လည်း မည်သည့်ပြုလိုရာကို ပြုနေသည်ဖြစ်စေ၊ ခိုင်၌ချစ်စဖွယ်ကောင်းသော အကျင့်ကလေးရှိသည်။

စနေ . . . သို့မဟုတ် တနင်္ဂနွေနေ့တိုင်း ခိုင်တို့အိမ် ကျွန်တော် ရောက်သည်။ ရောက်တိုင်း ကျွန်တော် ထမင်းစားလျှင် ခိုင်သည် သူကိုယ်တိုင် ဂရုတစိုက် ခူးခပ်ကျွေးမွေးလေ့ရှိသည်။ ပြီးလျှင် ညနေဆည်းဆာ၌ ဖြစ်စေ၊ လရောင်နုသော ညဦး ကာလ၌ဖြစ်စေ စောင်းကောက် တီးပြလေ့ရှိသည်။

နွေမဟုတ်သေ မိုးလယ်တစ်ည၊ တိမ်ရိပ်မှုန်သော ငွေလသာသာတွင် ခိုင်သည် ကျွန်တော့်အားသာဆန်းရဂုံဘွေ့ ပတ်ပျိုးကို ဘာစိတ်ကူးရသည်မသိ တီးပြသည်။ လှိုင်မင်္ဂလာဒုံသွားနေ၍ မရှိ။ ခိုင့်သီချင်းကြောင့် ကျွန်တော်သည် ငယ်စဉ်ဘဝဆီ ပြန်ရောက်သွားသည်။ မိုးကာလကိုလည်း မေ့ကာ ပတ်ဝန်းကျင်မှာ လောင်သဲကြွေရန် ငှက်သံကြွေး၍ ထန်ခိုးစီစီသည့် မှိုင်းဝေရီ ခါနွေဆန်းပင် ဖြစ်လာ၏။ သီချင်းအဆုံး၌ ခိုင်က ဆိုသည်။

" ခိုင့်ကို ဂီတနဲ့ စ,မိတ်ဖွဲ့ပေးတာ မောင်ပဲ။ ဒီအတွက် မောင့်ကို သိပ်ကျေးဇူးတင်တယ် မောင် . . .။

ခိုင် အခု သစ်ရွက်ဝါတွေကို လိုက်ကောက်ဖို့ မလိုတော့ဘူး။ ခိုင့်စောင်းကြိုးတွေပေါ်မှာ ရွက်ဝါကို တို့စမ်းယူလို့ ရတယ်။ ဥဩကိုလည်း လာနားသီစေနိုင်တယ်။ တစ်ခါတလေတော့လည်း ငိုချင်တာကို လူမသိအောင် ရှိုက်နိုင်တယ် " ကျွန်တော်က ခိုင်၏ မျက်လုံးများကို စူးစိုက်ကြည့်သည်။ ခိုင်၏ နူးညံ့ပျော့ပျောင်း၍ အားငယ်သော မျက်လုံးများ ကလည်း ကျွန်တော့်ကို ပြန်စိုက်ကြည့်နေ၏။ ခိုင်က အရင် မျက်လုံးလွှဲလိုက်ပြီး မေးသည်။

" မောင် အခု ဂီတအကြောင်း သိပ်မပြောဘူး။ တီးလည်း သိပ်မတီးတော့ဘူး၊ ဂီတကို မုန်းသွားပလားမောင် "

" ဂီတကို မမုန်းပါဘူး ခိုင်၊ မုန်းလည်း မမုန်းနိုင်ပါဘူး။ ဒါပေမယ့် မောင့်အသည်းနှလုံးဟာ နည်းနည်းတော့ မာလာခဲ့တယ် ထင်တယ် "

ခိုင်က ကျွန်တော့်ကို လဲ့လဲ့စိမ်းသော မျက်လုံးများဖြင့် တစ်ချက်ပြန်ကြည့်ပြီး သာယာညင်းပျောင်းစွာတားမြစ်၏။

" ဘာကြောင့် အသည်းနှလုံး မာချင်ရတာလဲ မောင်။ အသည်းနှလုံးမာသူတွေကို ခိုင် ကြောက်တယ် " ကျွန်တော်က ရယ်မောရသည်။

" မောင့်ကိုတော့ မကြောက်ပါနဲ့ ခိုင်။ မောင့်အသည်းနှလုံးက ဘယ်လောက်မာပါစေ၊ ခိုင်နဲ့ သူငယ်ချင်းတွေ အတွက်တော့ နူးညံ့တဲ့တစ်နေရာ အမြဲရှိနေမယ် . . . "

ခိုင်က အသာအယာ ပြုံးသည်။ ထို့နောက် စောင်းကြိုးများကို လက်ညှိုးကလေးဖြင့် တစ်ကြိုးစီတို့ခတ်လိုက်ပြီး တိုးတိုးညင်သာဆို၏။

" ဒီစကားကြားရလို့ ခိုင် သိပ်ဝမ်းသာတာပဲ။ ဒါထက် မောင် . . . ခိုင် သီချင်းတစ်ပုဒ် စပ်ထားတယ်။ နားထောင်မလား . . . "

" ဘာရယ် ခိုင် သီချင်းတစ်ပုဒ် စပ်ထားတယ် "

" ခိုင့်ကို သီချင်းမစပ်တပ်ဘူးလို့ မောင်က ထင်နေသလား "

" ဒီလိုတော့ မဟုတ်ဘူးလေ။ ဒါပေမယ့် မောင် အံ့ဩသွားတယ်။ ဒါထက် ခိုင့်သီချင်း မောင့်ကို တီးပြမလား . . . "

ခိုင်သည် စောင်းကို ပွေ့ပိုက်၍ အသံစမ်းသည်။

" ဒါထက် ခိုင့်သီချင်းနာမည်က ဘာတဲ့လဲ "

" မေတ္တာငွေသောင်ဦး . . . တဲ့ "

ခိုင်သည် စောင်းကို တီးရင်း အသာအယာ စဆိုသည်။

" ပုလဲနှင်းရည်ပေါက် . . . မိုးသောက်သန့်စင် . . . နေ့ဦးညွန့်ဖူး ပျိုမျစ်လွင် . . . ရောင်လျှံဖြာဝင်း . . . လန်း . . . ရွှင် . . .၊ တောမြကန္တာ မာလာလေညင်း ပျံ့သင်းလန်းရွှင် . . .။

စီးသွင်ညိုရစ် . . . နဒီမြစ်လျှင်၊ ယမုန်ရေယဉ် ခွေဝန်းလျာ . . .၊ မြလွှာမောင် . . . တောခေါင်တောင်ရိပ်ဆင် . . .၊ အဏ္ဏဝါရေလျှင် . . . ဂဟေစပ်ယှဉ် လူးလွန့်မြူးလို့ . . . လှိုင်းတွန့် ကလေးတွေ ဝေဝေညင်ညင် . . . စိမ်းလဲ့လဲ့ ကမ်းနှင့် ရေဟုန်ပင် . . . သဲငွေခုံနု ပမာပြုပုံသွင် "

သီချင်းစာသားတို့သည် အေးချမ်းသာယာမှု၏ အနက်အဓိပ္ပါယ်ကို ဖော်သည်။ ခိုင့်အသံလေးမှာလည်း အေးချမ်းသာယာလှသည်။

" (မေတ္တာသောင်ဦး ကူးမယ့်မျှုးသခင် . . .၊ တက်မစုံရွက်ဟုန်မဲ့တဲ့ . . . နာဝါလေ့ရှင်မောင်လုလင်)၂၊ ဟိုစဉ်တစ်ည အိပ်မက်နှယ် ချောက်သမျှ သောကရေပြင် . . . မုန်တိုင်းဆင် . . .၊ ကမ်းမမြင် လမ်းမမြင် . . . ပူဝန်ပိတ်ဆီးလို့ပင် . . .၊ ထိုခရီးတွင် မငိုညည်းလေနဲ့ ထာဝစဉ် . . .၊ ခိုမှီးနေနား ဆိပ်ကမ်းရိပ်တွင် . . . မေတ္တာငွေသောင်ဦးကပင် . . . ဆီးကြိုခေါ်မယ့် သစ္စာရှင် . . . ဆီးကြိုခေါ်မယ့် သစ္စာရှင် . . .၊ မေတ္တာငွေသောင်ဦးကပင် စိမ်းလဲ့လဲ့ကမ်းနှင့် ရေဟုန်ပင် . . . သဲငွေခုံနု ပမာပြုပုံသွင် " သီချင်းသံသည် တိုးညင်းသိမ်မွေ့စွာ အဆုံးသတ်သွားသည်။ စောင်းသံလွင်လွင်လည်း ပြန့်ပြောတိတ်ဆိတ်သော ညတွင် ကြည်လင်သာစည်သော ပဲ့တင်လှိုင်းကို သဲ့သဲ့လွန့်လွန့်ထားချန်ရစ်သည်။

ခိုင်က သစ်ရိပ်ပြိုးပြောက်ကျသော မြေပြင်ကို ငေး၍ ငြိမ်နေသည်။ ကျွန်တော်ကလည်း မလှုပ်မိ။

ရင်တွင်း၌သာ ခံစားမှု ဂယက်အဖြာဖြာ လှုပ်ရှား ရိုက်ခတ်နေ၏။ ကြယ်ရောင်၊ လရောင်နှင့် ပြိုင်သော ခိုင့်မျက်လုံးများက ကျွန်တော့်ဆီ ဝင်းလက်လာလေမှ စကားဆိုနိုင်၏။

" လက်ာရသရော စေတနာနဲ့ သံစဉ်ပါ လိုက်လျောပြေပြစ်လွန်းလို့ ခိုင့်ကို မောင် ဘယ်လို ချီးမွမ်းရမှန်း မသိဘူး ခိုင် "

ခိုင်က တိုးတိုးအေးအေး မေးသည်။

" ခိုင့်သီချင်းကို မောင် ကြိုက်သလား "

" ကြိုက်တယ်ဆိုတဲ့စကားဟာ မလုံလောက်ဘူး ခိုင်၊ အနုပညာဝိညာဉ်ကို အဖမ်းစားခံရတယ်ဆိုရင် ပိုမှန်မလား မသိဘူး "

ခိုင်က ဘာကြောင့်မသိ၊ ဝမ်းနည်းပမ်းနည်း ပြုံးသည်။

" အနုပညာဝိညာဉ်ကို ဖမ်းစားတယ် ဆိုတဲ့စကားကို ခိုင် ဝမ်းသာစွာနဲ့ လက်ခံပါတယ် . . .။ ဒါပေမယ့် လူတွေကို ဖမ်းစားတယ်လို့ ဆိုလာရင်တော့ ခိုင် ရင်ကွဲမှာပဲ "

" ခိုင် ဘာကိုဆိုလိုတာလဲ . . . "

ခိုင်က နာကြည်းစွာ ပြုံး၏။

" ဒီစကားဟာ . . . ခိုင် အစွပ်စွဲခံနေရတဲ့ စကားပဲ။ ဒါပေမယ့် မောင် လူလူချင်း ဖမ်းစားလို့ ရပါသလား . . .။ အထူးသဖြင့် . . . အတောင်နှစ်ဆယ်ဝတ် မင်းယောကျာ်းကြီးတွေကို နှလုံးသား အားငယ်ပါတယ်ဆိုတဲ့ မိန်းကလေးတစ်ဦးဟာ ဖမ်းစားလို့ရမလား။ ဒီလိုဆိုရင် အပြစ်ဟာ ဘယ်သူ့ပေါ် တင်ရမလဲ . . . "

ကျွန်တော်လည်း သက်ပြင်းရှိုက်မိသည်။

" ခိုင့်စကားတွေကို မောင် သိပ်နားမလည်ဘူး ခိုင်။ နားလည်သလိုလိုလည်း ရှိတယ်။ ပြီးတော့မောင်မှာ ပြောစရာ တွေလည်း ရှိတယ်။ တစ်ခါ ဘာတွေ ပြောရမှန်းလည်း မသိဘူး "

ခိုင်က နေရာမှထသည်။ ကျွန်တော် မမျှော်လင့်သော စကားကိုလည်း ဆို၏။

" ခိုင်တို့ အပြင်ထွက် လမ်းလျှောက်ရအောင် မောင် "

" အို . . . ဖြစ်ပါ့မလား ခိုင် . . . "

" ဘာလို့ မဖြစ်ရမှာလဲ မောင် "

ကျွန်တော်က သက်ပြင်းရှိုက်မိပြန်သည်။

" ခိုင်တို့ မောင်တို့က ကလေးတွေမှ မဟုတ်တော့ဘဲ "

ခိုင်၏ သဏ္ဍာန်၌ ဒေါသအရိပ်အယောင်လေးကို တွေ့လိုက်ရသည်။ မေးရိုးလေးထောင့်ကလေးများတင်းအောင် နှုတ်ခမ်းစေ့၍ ကျွန်တော့်ကို စူးစိုက်ကြည့်၏။

"ကလေးတွေ မဟုတ်ကြတော့လို့ ရိုးသားဖြူစင်မှုလေးတွေကို မလုပ်ကြရတော့ဘူးလား . . .။

လူကြီးတွေ ဖြစ်လာလို့ သူတကာ အကဲ့ရဲ့လွတ်အောင် ဟန်ဆောင်နေကြရမယ် ဟုတ်လား။ ဒီလိုဆိုမောင်လည်း လောကကြီးကို ကြောက်တယ်ပေါ့ ဟုတ်လား . . . "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





HIA Hospitality Institute of Asia
didasko learning resources

ဖိတ်ကြားလွှာ

HIA (Hospitality Institue of Asia) ၏ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းတွင် စီမံခန့်ခွဲခြင်း ဂန်ဆောင်မှုများအား မိတ်ဆက်ခြင်း အခမ်းအနားနှင့် ဟိုတယ်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို ရှင်းလင်းတင်ပြမည်ဖြစ်သောကြောင့် အောက်ပါအစီအစဉ်အတိုင်း

- ဟိုတယ်လုပ်ငန်းရှင်များ / မန်နေဂျာများ
- စားသောက်ဆိုင်ပိုင်ရှင်များ / မန်နေဂျာများ
- Bar ပိုင်ရှင်များနှင့် Hospitality Industry ကို စိတ်ဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ပါသည်။

နေ့ရက် - ၂၇ရက်နေ့၊ မေလ ၂၀၁၅ ခုနှစ် (ဗုဒ္ဓဟူးနေ့)
အချိန် - ညနေ (၄) နာရီမှ (၅) နာရီအထိ
နေရာ - အမှတ် (၂၄)၊ ဆည်မြောင်းလမ်း၊ (၁၁) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
Resv Ph No - ၀၁-၃၇၆၇၇၃၊ ၀၁-၉၄၃၀၀၇၇၊ ၀၉၉၇၉၂၀၂၄၅၅

ထိုင်ခုံနေရာအတွက် ကြိုတင်ဖုန်းဆက်ပြီး ရယူနိုင်ပါပြီ။



ပြည်တွင်းရေးရာ

# မုံရွာမြို့လျှပ်စစ်မီးအလုံအလောက် ရရှိရေး ထရန်စဖော်မာအသစ် တပ်ဆင



**မုံရွာ မေ ၂၂**

မုံရွာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လျှပ်စစ်မီးအလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးလျက်ရှိရာ မကြာခဏ လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိ၍ လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် မူလတပ်ဆင်ထားသော 5MVA ထရန်စဖော်မာနေရာတွင် 10MVA ထရန်စဖော်မာသစ်တစ်လုံးကို ပြောင်းလဲတပ်ဆင်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာဓာတ်အားခွဲရုံမှ မုံရွာမြို့အပြင် အရာတော်၊ ချောင်းဦး ဘုတလင်မြို့နယ်များသို့ ဖြန့်ဝေပေးလျက်ရှိရာ မုံရွာမြို့သို့ ဖြန့်ဝေပေးလျက်ရှိသော ထရန်စဖော်မာသည် မြို့လူဦးရေ တိုးတက်များပြားလာသည်နှင့်အမျှ လျှပ်စစ်မီးအသုံးပြုမှုများပြားလာကာ လုံလောက်မှုမရှိကြောင်း သိရသည်။

"မုံရွာမြို့မှာက လျှပ်စစ်ဓာတ်အားသုံးစွဲမှုက မြင့်တက်တယ်။အဲဒီလိုမြင့်တက်လာတဲ့အတွက် လက်ရှိအသုံးပြုနေတဲ့ 5MVA ထရန်စဖော်မာနဲ့က လုံလောက်မှုမရှိတဲ့အတွက်အလှည့်ကျပေးတဲ့စနစ်အရ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေ တယ်။

"အဲဒီလိုမဖြစ်ပေါ်စေဖို့အတွက် 10MVA ထရန်စဖော်မာသစ်တစ်လုံးကို ပြောင်းလဲပြီးတိုးချဲ့ ဖြန့်ဝေပေးသွားမှာပါ။ အခုလက်ရှိမေလအတွင်းမှာ မုံရွာမြို့ပေါ်မှာရှိတဲ့ နန္ဒဝန်ဓာတ်အားခွဲရုံက 3.7MW စက်မှုဇုန်ဓာတ် အားဖြန့်ဖြူးရေးမှာ12MWမြို့ပေါ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးအတွက် 7.7MW နဲ့အခု နွေရာသီမှာလျှပ်စစ်မီး အလုံအလောက်ရရှိဖို့ဆောင်ရွက်ထားပါတယ်။ရေအားလျှပ်စစ်ထုတ်လုပ်မှု လျော့နည်းနေလို့ လျှပ်စစ်မီးအလုံအလောက် ရရှိစေရေးအတွက် GAS နဲ့အခြားလျှပ်စစ်ထုတ်စက်များဖြင့် ဖြန့်ဖြူးပေးသွားမှာပါ။ ထရန်ဖော်မာသစ်တပ်ဆင်ရေးလုပ်ငန်းတွေကမေလနောက်ဆုံးဆိုပြီးမှာပါ။တပ်ဆင်ပြီးတာနဲ့ ဖြန့်ဝေပေးသွားမှာပါ"ဟု မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး ရေးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

10MVA ထရန်စဖော်မာသစ်တစ်လုံးတပ်ဆင်ရေးလုပ်ငန်းများကို မေ ၁၇ ရက်တွင် စတင်လုပ်ဆောင်လျက်ရှိပြီး မေလနောက်ဆုံးပတ်တွင် မုံရွာမြို့နယ်အတွင်းသို့ လျှပ်စစ်မီးအလုံအလောက်ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမြှင့်တင်ရေး ဆွေးနွေး

**မန္တလေး မေ ၂၂**

မြန်မာ-ဗီယက်နမ် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများ တိုးတက်မြှင့်တင်ရေး ညှိနှိုင်းအစည်းအအဝေးကို မေ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် Mandalay Hill Resort တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မုံရွာစက်မှုဇုန်၊ စစ်ကိုင်းစက်ဇုန်တို့မှတာဝန်ရှိသူများ၊ မန္တလေး၊ မြင်းခြံ ကုန်သည်ပွဲစားအသင်းအမှုဆောင်များ၊ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌနှင့် စီးပွားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ H.E Mrs.Nguyen Thi Hong က မြန်မာ-ဗီယက်နမ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများလေ့လာရေး၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် မန္တလေးမြို့သို့ လာရောက်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါက်တာမောင်မောင်က စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ မန္တလေးတိုင်းဒေသကြီး၏ ထွက်ကုန်များ၊ အသေးစားအလတ်စား စက်မှုလုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော် ပြည်သူ့ကော်မတီဒုတိယဥက္ကဋ္ဌ H.E Mrs.Nguyen Thi Hong ဦးဆောင်သော ဗီယက်နမ်စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးဆောင်သော စီးပွားရေးလုပ်ငန်းရှင်များ စိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များ၊ အဝတ်အထည်၊ လူသုံးကုန်များ၊ ဖိနပ်များ၊ ဆေးဝါးများ အထက်မြန်မာပြည်ဈေးကွက် ဖြန့်ချိရောင်းချနိုင်ရေး၊ ခရီးသွားလာမှုမြှင့်တင်ရေး နှစ်နိုင်ငံလေယာဉ်ခရီးစဉ်များ နေ့စဉ်ပြေးဆွဲရေးအပါအဝင် စီးပွားရေးအခွင့်အလမ်းများ ဆွေးနွေးကြပြီး သိရှိလိုသည်များအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဦးက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီနှင့် ပိုစတာပြိုင်ပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း မေ ၂၂**

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းတွင်းပန်းချီနှင့် ပိုစတာပြိုင်ပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အ. ထ. က (၁) မလိခဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

ယင်းကျောင်းတွင် ပန်းချီနှင့် ပိုစတာပြိုင်ပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဆန်းနှင့် မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများ တက်ရောက်အားပေးကြည့်ရှုကြသည်။

အဆိုပါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကျောင်းတွင်းပန်းချီနှင့် ပိုစတာကို မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသူ၊ ကျောင်းသား ၂၀ ဦး တက်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မော်ကျွန်း(မြင့်အောင်)**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဟောပြော

**ရန်ကုန် မေ ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရေးတို့အတွက် ဆောင်ရန်၊ ရှောင်ရန်တို့အား ပြည်သူလူထုသို့အသိပညာပေးဟောပြောပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဗျူဟာဓမ္မာရုံတွင် ကျင်းပခဲ့သည်။

မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒုတိယတပ်ခွဲမှူးက မိုးရာသီရောက်ရှိလာပြီဖြစ်၍ သဘာဝကြောင့်ဖြစ်ပေါ်လာသော ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံလာရပါက ကြိုတင်ရှောင်ရှားနိုင်ရန်ပြုလုပ်ခြင်း၊ အန္တရာယ်သတိပေးချက်များကို နားလည်လိုက်နာခြင်း၊ ဒဏ်ရာရ အနာတရဖြစ်ခဲ့ပါက အခြေခံရှေးဦးသူပြုနည်းတို့ဖြင့် အရေးပေါ်ပြုစုခြင်း၊ အသက်ကယ်ခြင်းတို့ ဆောင်ရွက်ရန်နည်းလမ်းများကို ပြည်သူများသိရှိနိုင်ရန် ဟောပြောခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ပြည်သူ ၄၀၀ ကျော်အား ၎င်းကဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် အခြေခံရှေးဦးသူနာပြုစုနည်းအကြောင်းများကို အသေးစိတ်ဟောပြောသွားခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**


**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်နှင့် ဘာဂီများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်-
Mitsubishi Canter (Dump Truck) (Diesel) (Japan) (၂)စီး
၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား ၂၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၄၀)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၇-၆-၂၀၁၅ရက်၊ ၁၅:၀၀နာရီ
၄။ တင်ဒါဖွင့်မည့်နေ့ရက်/အချိန်/နေရာ - ၂၂-၆-၂၀၁၅ရက်၊ ၁၃:၀၀နာရီ
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-
ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
လွှတ်တော်နှင့်အိမ်တော်အဆောက်အအုံများထိန်းသိမ်းရေးအဖွဲ့၊ ဖုန်း - ၀၆၇-၃၉၀၅၀၇၊ ၀၆၇-၃၉၀၄၄၁



**ကမ္ဘာ့အဆိုးတန်သစ်မွေး**
**စိုက်နည်း၊ ပျိုးနည်း**
ဝင်းသစ်မွေး 09-5117226



**ခရီးသွားကုမ္ပဏီအတွက်**
**Operation Manager**
မ(၁)ဦးအလိုရှိသည်။ဆက်သွယ်ရန်
ဖုန်း၊ ၀၁-၂၃၀၄၂၂၅၊
၀၉-၂၅၀၀၃၉၄၃၄



**မြေရောင်းမည်။ နှစ်ထပ်တိုက်ငှားယူလိုသည်။**
၁။ လှည်းကူးမြို့မြို့မရပ်ကွက် အောင်သုခ(၅)လမ်းထောင့်ကွက်(30'x50') ၃၅၀သိန်း
၂။ လှည်းကူးမြို့မြေသီးသန့်(၂,၃၃)ဧက လယ်ကျွန်မြေ ပုစံ(၁၀၅)ထွက်ပြီး
အမည်ပေါက် 0943152463) ၃၅၀၀ သိန်း
၃။ တောင်ဒဂုံဆိပ်ကမ်း ဇုန် (၃) ပတ္တမြားလမ်း(သုံးကွက်တွဲ)ဆက်လျက် တစ်ကွက်
လျှင် (200'x195')စီရှိ (တစ်ကွက်ဈေးနှုန်း = ၁၄၀၀၀ သိန်း)
C/O ဦးသိန်းလှညို - 0943133981, 254042009, 245585, 246663



**ဝန်ထမ်းအလိုရှိသည်**

ယှဉ်ပြိုင်မှုများ ကမ္ဘာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်လိုသူများ စိတ်အားထက်သန်၍ အလားအလာရှိသူများ မည်သူမဆို လျှောက်ထားနိုင်ပါသည်။

နေရာများ
1. Sales & Marketing Executive (၁၀) ဦး
2. Futures Trader (၁၀) ဦး

လိုအပ်ချက်များ
- သက်ဆိုင်ရာ ရာထူးအသီးသီးနှင့် ကိုက်ညီသော ဘွဲ့တစ်ခု အနည်းဆုံးရရှိပြီးသူ ဖြစ်ရမည်။
- အခြေခံ အင်္ဂလိပ် (4 skill)
- လုပ်ငန်းတိုးတက်မှုအတွက် စိတ်အားထက်သန်စွာ သင်ယူလိုစိတ် ရှိရမည်။
- အချိန်ကိုလေးစားသူဖြစ်ရမည်။
- လုပ်ငန်းသဘော သဘာဝကို ကျွမ်းကျင်စွာ နားလည်ပြီး Customer များအား ပြန်လည်ရှင်းပြနိုင်သူ ဖြစ်ရမည်။

ဦးစားပေးမှု
- အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာပြောနိုင်ခြင်း
- Marketing အတွက် အခြေခံ သိရှိနားလည်မှုနှင့် စီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်မှုအတွက် နေရာများ

(**1 & 2**)အတွက်
- လုပ်ငန်းအတွက် ထိရောက်သော လေ့ကျင့်မှုများ စီစဉ်ပေးမည်။
- ကိုယ်တိုင်ကြိုးစားမှုအပေါ် မူတည်ပြီး မြင့်မားသော ဝင်ငွေရရှိနိုင်သည်။
- လုပ်ငန်းခွင်အတွင်း ကျွမ်းကျင်မှုပေါ် မူတည်ပြီး အခွင့်အရေးကောင်းနှင့် အပိုဆုကြေးများ ရရှိနိုင်မည်။

တိုက်ရိုက်အင်တာဗျူးမည်ဖြစ်ပါသဖြင့် လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**Royal Futures Trading Co., Ltd.**
The Penthouse, 12th Floor, MMB Tower,
No.166, Upper Pansoden Road, Mingalar Taungnyunt Township, Yangon,Myanmar.
Phone: (+95-1)383191, 383192, 383193, 383195





ကြော်ငြာ

YKKO Group of Companies Limited မှ Restaurant Manager များ၊ Assistant Restaurant Manager များ၊ Supervisor များ လိုအပ်လျက်ရှိပါသည်။

<u>လုပ်ငန်းတာဝန်များ</u>

- စားသုံးသူများအဆင်ပြေ ကျေနပ်နှစ်သက်မှုရရှိရန် ဆောင်ရွက်ရန်
- အစားအသောက်နှင့် ဝန်ဆောင်မှုအရည်အသွေးကို ထိန်းသိမ်းမြှင့်တင်ရန်
- ဆိုင်များ၏ ဆက်ဆံရေးနှင့် သန့်ရှင်းသပ်ရပ်မှုအဆင့်အတန်းအား ထိန်းသိမ်းမြှင့်တင်ရန်
- ဆိုင်၏ ကုန်ကျစရိတ်အား စံချိန်စံညွှန်းအတိုင်း ထိန်းသိမ်းရန်

<u>လိုအပ်ချက်များ</u>

- စားသုံးသူစိတ်ကျေနပ်အောင် ဆောင်ရွက်ပေးနိုင်ရမည်။
- အနည်းဆုံး စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံ (၃) နှစ်၊ အုပ်ချုပ်မှုအတွေ့အကြုံ (၁) နှစ် ရှိရမည်။
- ကွန်ပျူတာ မြန်မာစာရိုက်၊ Word နှင့် Excel ကျွမ်းကျင်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ ဖြစ်ရမည်။ English အခြေခံအရေးအပြော ကျွမ်းကျင်ရမည်။
- စာရွက်စာတမ်းများ စနစ်တကျ မြန်မြန်ဆန်ဆန် ကိုင်တွယ်နိုင်ရမည်။

<u>လစာနှင့် ခံစားခွင့်များ</u>

- Supervisor - လစာ ၂၁၀၀၀၀၊ Service ကြေး၊ ရက်မှန်ကြေး၊ ခရီးစရိတ်၊ ထမင်းစရိတ်
- Asst: Manager - လစာ ၃၁၀၀၀၀၊ Service ကြေး၊ ခရီးစရိတ်၊ ထမင်းစရိတ်
- Manager - လစာ ၄၁၀၀၀၀၊ Service ကြေး၊ ခရီးစရိတ်၊ ထမင်းစရိတ်

စိတ်ပါဝင်စားသူများသည် အမှတ် (၂၄/၂၆)၊ (၇) လွှာ၊ မြင်းပြိုင်ကွင်းကွန်ဒို၊ တောင်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ykkoheadoffice@gmail.com သို့ CV ပို့၍သော်လည်းကောင်း ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။ သိလိုသည်များကို HR ဌာန - ၀၉၉၇၇၁၁၈၆၃၀၊ ၀၉၉၇၇၁၁၈၆၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တစ်ချက်တည်းနှင့်ကျင်းဝင်

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးဇေယျာအောင်(CB Bank)သည် ကစားဖော်များဖြစ်သော ဦးချစ်၊ ဦးသိန်းအောင်၊ ဦးလှရွှေ၊ ဦးငွေဝင်းအောင်တို့နှင့်အတူ (၁၂.၅.၂၀၁၅) ရက်နေ့တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Srixon No.(4) ဘောလုံးကို Taylormade Iron No.(7) တုတ်ဖြင့် ရိုက်လိုက်ရာ (၁၅၄)ကိုက်ရှိ ကျင်းအမှတ်(၅)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

မြန်မာနိုင်ငံဂေါက်သီးရိုက်အသင်း


FROM EXPERIENCE-BASED TRADITIONAL MEDICINE, TO EVIDENCE-BASED TRADITIONAL MEDICINE.

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အသည်းအားဆေး

အသည်းရောဂါ ဘီပိုး၊ စီပိုးကို နိုမ်နင်းနိုင်တဲ့ တိုင်းရင်းဆေး



- Case Study
- (ALT, ALP, AST), T.BIL
- Antioxidant Action ရှိကြောင်း သုတေသနပြုလုပ်တွေ့ရှိရပါသည်။
- Sub-acute Toxicity Test ကို စမ်းသပ်ထားပြီးဖြစ်ပါသည်။

*Reference :*

(1) Myanmar Health Research Congress 2010 / (2) Myanmar Traditional Medicine Conference 2010 / (3) The 2nd Traditional Medicine Research Congress 2011 / (4) Indo-US Symposium on "Frontiers in Medicinal Chemistry and Drug Discovery" INDIA 2011 / (5) The 4th Traditional Medicine Research Congress 2013 / (6) ကြေးမုံသတင်းစာ ဒွန် ၂၂ ၊ ၂၀၁၃


## First Top Co., Ltd.

အမှတ်(၁၅၁)၊(၉)လွှာ၊ဝါးတန်းလမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊မြဝတီဘဏ် Complex

ဖုန်း ၂၂၇၇၅၇ - ၂၂၇၇၆၀

၁။ **Chief Accountant** — မ(၂)ဦး
- B. Com /(CPA),
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၄)နှစ်ရှိရမည်။
- Final စာရင်းများရေးဆွဲနိုင်ရမည်။

၂။ **Asst; Chief Accountant** — မ(၂)ဦး
- ဘွဲ့ရ
- အိမ်ထောင်မရှိသူ
- ACCA Part II အောင်မြင်ပြီးသူဖြစ်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။

၃။ **Factory Assistant Manager** — ကျား(၂)ဦး
- ဘွဲ့ရ
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- Plastic လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
- လှိုင်သာယာဇုန်(၄)တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- အတွေ့အကြုံပေါ်မူတည်၍ အသက်ကိုလျှော့ပေါ့စဉ်းစားမည်။

စက်ရုံလုပ်ငန်းများနှင့်ပတ်သက်၍စီမံခန့်ခွဲမှုကျွမ်းကျင်ပိုင်နိုင်သူဖြစ်ရမည်။
လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍လစာနှင့်ခံစားခွင့်များကိုထိုက်တန်စွာချီးမြှင့်မည်။

၄။ **Delivery Supervisor** — ကျား (၂)ဦး
- ဘွဲ့ရ
- အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- Plastic လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
- လှိုင်သာယာဇုန်(၄)တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။
- ခရီးထွက်နိုင်ရမည်။

လုပ်ငန်းရပ်များကိုညွှန်ကြားမှုအရတာဝန်ခံ/တာဝန်ယူဆောင်ရွက်နိုင်ရမည်
လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာနှင့်ခံစားခွင့်များကိုထိုက်တန်စွာချီးမြှင့်မည်။

၅။ **Asst; Accountant** — မ(၃)ဦး
- ဘွဲ့ရ
- LCCI Level III အောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။

၆။ **Site Engineer** — ကျား(၃)ဦး
- **BE (Civil)**
- အသက်(၂၅)နှစ်မှ(၃၅)နှစ်အတွင်းဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိရမည်။
- လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်၍ လစာကောင်းမည်။

၇။ စက်မောင်း/ပြင်ထိန်း — ကျား(၄)ဦး
- **AGTI ( EP)**
- အိမ်ထောင်မရှိသူဖြစ်ရမည်။
- နေ/ည တာဝန်ထမ်းဆောင်ရမည်။
- ခံစားခွင့်များကောင်းမည်။
- လှိုင်သာယာဇုန်(၁)/ရွှေပြည်သာဇုန်(၁)တွင်တာဝန်ထမ်းဆောင်ရမည်။

၈။ **Marketing** — ကျား/မ (၄)ဦး
- ဘွဲ့ရ
- အသက်(၂၅)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိရမည်။ခရီးထွက်နိုင်သူဖြစ်ရမည်။
- စကားပြောချိုသာပြေပြစ်ရမည်။
- ပလတ်စတစ်လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။

လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ လစာနှင့်ခံစားခွင့်များကို ထိုက်တန်စွာချီးမြှင့်မည်။

လျှောက်ထားသူသည် CVForm၊ပညာအရည်အချင်းမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ဓာတ်ပုံ(၂)ပုံ နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်းနောက်ဆုံးထား၍လာရောက်လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

တိုက်အမှတ်(၈၀)၊ အခန်းအမှတ်(3/A)၊ ၃လွှာ(ခေါင်းရင်းခန်း)၊ မိုးမခလမ်း၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ တိုက်ခန်းကို လက်ရှိတိုက်ခန်းပိုင်ရှင် ဒေါ်စုစုဝင်း [၁၃/လရန(နိုင်)၀၉၄၈၁၆]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ငွေအပြေအကျေပေးချေဝယ်ယူ၍ တိုက်ခန်းကို လက်ရောက်ရယူထားပြီးဖြစ်ပါသည်။

ဖော်ပြပါတိုက်ခန်းကို ဝယ်ယူထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅၄)** | **ဦးသိန်းညွန့်** |
| **B.Sc,D.A,HGP,R.L,DBL,DML,DIL** | **B.A,HGP,R.L,D.B.L,DML,DIL** |

**ဒေါ်ချောချောအေးLL.B(စဉ်-၂၇၄၆၇) တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)**
**ဒေါ်ဝါဝါစံ LL.B(စဉ်-၂၇၈၆၀) အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**

| | |
|---|---|
| **အထက်တန်းရှေ့နေများ** | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၀၀၅၂၅၅** | **ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၃၆၀၅၉၅၀၃** |

## ရန်ကုန်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန
## မြန်မာစာဌာန

ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် မြန်မာစာဌာနက ကြီးမှူးပြီး အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည် - (၁)စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်း(Editorial Course) (၂)နိုင်ငံခြားသားများအတွက် မြန်မာဘာသာ (Myanmar Language for Foreigners) အခြေခံအဆင့်-၁၊ အခြေခံအဆင့်-၂၊ ကြားအဆင့် (Basic 1,2 and Intermediate levels)
၂။ အပ်နှင်းမည့်လက်မှတ်-အသိအမှတ်ပြုအောင် လက်မှတ်(Certificate)
၃။ သင်တန်းဝင်ခွင့်သတ်မှတ်ချက်-အမှတ်စဉ်(၁)အတွက်တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ အမှတ်စဉ်(၂)အတွက် သင်တန်းကာလအတွင်း မြန်မာနိုင်ငံတွင် တရားဝင်နေထိုင်ခွင့်ရရှိထားသူ နိုင်ငံခြားသားများ
၄။ သင်တန်းကာလ - ရက်သတ္တ ၁၄ပတ်(၃ ½လ)
၅။ သင်တန်းဖွင့်ရက် - အမှတ်စဉ်(၁) ၈-၆-၂၀၁၅ရက်၊ အမှတ်စဉ်(၂) ၉-၆-၂၀၁၅ရက်
၆။ သင်တန်းချိန် - စာပေတည်းဖြတ်မှု-နံနက် ၇း၃၀နာရီမှ ၉း၃၀နာရီ(တနင်္လာနေ့မှ ကြာသပတေးနေ့ထိ) နိုင်ငံခြားသားများအတွက် မြန်မာဘာသာ- နံနက် ၇း၃၀နာရီမှ ၉း၃၀နာရီ (အင်္ဂါမှ သောကြာထိ)
၇။ လျှောက်လွှာစတင်လက်ခံမည့်ရက် -၂၅-၅-၂၀၁၅ရက်
၈။ လျှောက်လွှာလက်ခံမည့်နေရာ-မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင်
၉။ စုံစမ်းရန်-မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်၊ တောင်ငူဆောင် (ဖုန်း-၀၁-၅၃၆၀၇၂)

မှတ်ချက်။ ။သင်တန်းတိုင်းအတွက် လူဦးရေကန့်သတ်ချက်ရှိပါသည်။ သတ်မှတ်ဦးရေပြည့်ပါက လျှောက်လွှာပိတ်ပါမည်။

## မြို့လယ် တိုက်ခန်းငှားမည်

ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အထက်ဘလောက် (၂၅×၆၀)ပေ၊ 2BR, ပြင်ဆင်ပြီး၊ ဓါတ်လှေကား၊ 3AC၊ ကြွေပြားခင်း/နံရံ
**Ph:095159436, 09410020982**

## ဝန်ထမ်းအလိုရှိသည်


1. Account (admin), LCCI (3)
2. Office Staff

အင်္ဂလိပ်စကားပြောနိုင်ရမည်။
ဖုန်း-၀၉-၂၆၃၂၈၁၇၈၉၊
၀၉-၄၂၈၀၂၇၅၉၀
**edwin 71a @ gmail.com**

## ချစ်မေမေ ဒေါ်တင်စုမြတ်အတွက် နှစ်(၆၀)ပြည့်မွေးနေ့ဆုတောင်း

အိမ်ထောင်ရှင်မကောင်းတစ်ယောက်အဖြစ် တာဝန်ကျေပွန်၍ ညီမများအတွက် စံပြအစ်မကြီးတစ်ယောက်အဖြစ် သာမက သားသမီးများအတွက် တုနှိုင်းမဲ့မေတ္တာတရားတို့နှင့် ပြည့်စုံသော မေမေ့ဂုဏ်ကို ပူဇော်ကန်တော့လျက် အသက်(၆၀) ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လျှုဒါန်းသာသနာပြု၍ ယခုကဲ့သို့ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံစွာဖြင့် သားသမီးများ၏အောင်မြင်မှုကို ဂုဏ်ယူ ပီတိပွားများပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာစွာဖြင့် နေထိုင်နိုင်ပါစေဟု ဆုမွန်ခြွေလျက် . . .

**ဖေဖေ - ဦးဇော်ဌေးအောင်**
**သား - မောင်ကျော်ဇောလင်း**
**သမီး - မနှင်းပွင့်ဇော်**
**မရတနာဇော်**
**ညီမများ - ဒေါ်အေးမြတ်မူ**
**ဒေါ်သူဇာထိုက်**
**ဒေါ်ချယ်ရီစမ်း**




## ကျောင်းကုန်းဆည်မှူး၏ ထုံးမှီလို့ကုံးသီစို့

ဖြန့်ချိရေး-ဒေါ်ချိုမာ
**ဖုန်း-၀၉-၉၇၈၈၂၆၇၃၃၊**
**၀၉-၇၉၄၁၆၆၁၃၁**

## စာအုပ်စာပေလှူမိတ်ဆွေ

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏**Myanmar Citizen Payment Services(M.C.P.S)**မှ စီမံခန့်ခွဲမှု ကော်မတီဝင် **ဦးထွန်းထွန်းနိုင် (Chairman of CEO),(Blue Ocean Operation Management Co.,Ltd)**အား ၂၀၁၅ခုနှစ် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဝန်ဆောင်မှုထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့ဝင် **ဦးလှဦး၊** ဧရာဝတီတိုင်းဒေသကြီး(စုပေါင်းလယ်ယာဆန်စက်)အား ၂၀၁၅ခုနှစ်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ထုတ်လုပ်ရောင်းချမှု ထူးချွန်အလတ်စား စီးပွားရေးလုပ်ငန်းရှင်ဆုကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**
**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**

## ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏ အမှိုက်သိမ်း ယာဉ်ကြီး၊ ယာဉ်ငယ်များနှင့် ယန္တရားများအား မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများသည် လျှောက်ထားနိုင်ပါသည်-
(က) ယာဉ်မောင်းလုပ်သက်(၁)နှစ်ရှိသူဖြစ်ရမည်။
(ခ) ယာဉ်မောင်းလိုင်စင်(ခ) ကိုင်ဆောင်ထားသူဖြစ်ရမည်။
(ဂ) အသက်(၂၀)မှ (၄၅)နှစ်ကြားဖြစ်ရမည်။
(ဃ) အခြေခံပညာ အလယ်တန်းအဆင့်ပညာသင်ကြားဖူးသူဖြစ်ရမည်။
(င) နေ့/ည အချိန်မရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
၂။ လျှောက်ထားသူများသည် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ၊ ကမ်းနားလမ်းနှင့် သစ်တောလမ်းထောင့်၊ အလုံမြို့နယ်သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားရမည်ဖြစ်သည်။
၃။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး ယာဉ်မောင်းဝန်ထမ်းခန့်ထားခံရပါက သတ်မှတ်အခြေခံလစာအပြင် နေထိုင်ရန် လိုင်းခန်းစီစဉ်ပေးမည်ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ မော်တော်ယာဉ်ဌာနခွဲ၊ ဖုန်း-၅၀၄၈၉၃၁သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန**






# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်
ပို့ကုန်ထုးချွန်လုပ်ငန်းရှင် (ပထမ)ဆု ကို ရရှိသော
ဦးစိုးပိုင် (ဥက္ကဋ္ဌ)
(ပိုင် မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်)
အား အထူးလှိုက်လှဲ ဝမ်းသာစွာ ဂုဏ်ပြုအပ်ပါသည်။
နိုင်ငံ့အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး
စွမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးအောင်သောင်း+ဒေါ်ရီရီချို
အင်းကြွင်းပွဲရုံ၊ ကျောက်ပန်းတောင်းမြို့။

ဦးတင်မြင့်+ဒေါ်ဝင်းဝင်းသန်း
ရွှေပြည်စိုးပွဲရုံ၊ ချောက်မြို့။

ဦးအောင်ကျော်မိုး+ဒေါ်သင်းသင်းမာ
ဝင်းမိသားစုရောင်းဝယ်ရေး၊ မကွေးမြို့။



နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်

ဆိုင်(၁) – အမှတ်–၇၄၃၊ မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ သံဈေးမီးပွိုင့်အနီး၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

ဆိုင်(၂) – အမှတ်–၆၈၅၊ ၁၉ လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ([illegible]ပြောင်းရွှေ့ဖွင့်လှစ်သည့်ဆိုင်)

ဆိုင်(၃) – မြေညီထပ်၊ Junction Square Shopping Centre ၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဆိုင်(၄) – No.B-05, မြေညီထပ်၊ Myanmar Centre Plaza (HAGL, Near Sedona Hotel)၊ကမ္ဘာအေးစေတီလမ်း၊ရန်ကင်းမြို့နယ်၊
(မကြာမီအသစ်ထပ်မံဖွင့်လှစ်မည့်ဆိုင်)

ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၃)ဆိုင်စလုံးတွင် ၂–၅–၂၀၁၅ မှ ၃၀–၆–၂၀၁၅ ထိ

| | | |
|---|---|---|
| ၂ ကျပ်သားရွှေဆွဲကြိုး | (၃) ဆု | |
| ၁ ကျပ်ခွဲသားရွှေဆွဲကြိုး | (၃) ဆု | |
| ၁ ကျပ်သားရွှေဆွဲကြိုး | (၅) ဆု | |
| သုံးမတ်သားရွှေဆွဲကြိုး | (၅) ဆု | |
| ငါးမူးသားရွှေဆွဲကြိုး | (၅) ဆု | |
| တစ်မတ်သားရွှေဆွဲကြိုး | (၁၀) ဆု | |
| နှစ်ပဲရွှေဆွဲသီး | (၂၀) ဆု | |
| တစ်ပဲရွှေဆွဲသီး | (၃၀) ဆု | နှင့်အခြားအပိုးတန်ဆုမဲများစွာ |

ချက်ခြင်းဖေါက်
ချက်ခြင်းယူ
ဗလာမပါ
ကံစမ်းမဲ

up to
30% off

GIA/HRD Certificate ပါရှိ
KBZ Bank Hire Purchase
MPU/Visa/Master/Debit Cards
Golden Palace Super Diamond Card

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **“နိုင်ငံ့စွမ်းဆောင်ရည်ဆု”** (အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု)ကို ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ (ဘုရင့်နောင် ကုန်စည်ဒိုင်)အား ၂၀၁၅ခုနှစ်၊ မေလ(၁၅)ရက်တွင် ဂုဏ်ပြုချီးမြှင့်သည့်အတွက် ဥက္ကဋ္ဌဦးခင်ဟန်နှင့် CEC-ECများအား လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်၏အကျိုး၊ အသင်းဝင်များ၏အကျိုးအတွက် ဆတက်ထမ်းပိုးတိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**မိခင်ကြီး - ဒေါ်ကျင်ကူး(သာလွန်စံပြကျေးရွာ)**

**ညီငယ်များ - ဦးခင်အုန်း-ဒေါ်မြမြရင်(A.1ပွဲရုံ- သာလွန်စံပြကျေးရွာ)**
**ဦးစိုးညွန့်-Dr. သွယ်သွယ်တိုး(A.1ပွဲရုံ- မြစ်သားမြို့)**
**ဦးမောင်ကြီး-Dr.မီမီထွေး(ဆင်မင်းပွဲရုံ- မန္တလေးမြို့)**
**ဦးမောင်လေး-ဒေါ်သန်းသန်းဝင်း(ခြသေ့ရာဇာပွဲရုံ-ရန်ကုန်)**
**ဦးကျော်ထွန်း-ဒေါ်မာလာဝင်း(ဆင်မင်းပွဲရုံ-မန္တလေး)**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည် ဆု၊ ပို့ကုန်ထူးချွန်လုပ်ငန်းရှင်ဆုရရှိသော ဦးစိုးပိုင် (ပိုင်မိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီ)အားအထူးဝမ်းသာဂုဏ်ပြုပါသည်။

တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာ့အကျိုးကို ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။

**အောင်လံမြို့နယ်အသင်း (ရန်ကုန်) အသင်းသားများ**

## လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **“နိုင်ငံ့စွမ်းဆောင်ရည်ဆု”** နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့် လုပ်ငန်းရှင်ဆုကို **ဦးအောင်ကိုဝင်း(ကမ္ဘောဇဘဏ်လီမိတက်)**အား ၂၀၁၅ခုနှစ်၊ မေလ(၁၅)ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်ကာလတွင်လည်း နိုင်ငံတော်အကျိုးအတွက် ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

**မြ၊ လှ၊ မြင့်**
**စေတနာကျန်းမာရေးဖောင်ဒေးရှင်းဆေးရုံ၊ မြစ်သားမြို့။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
(ဘုရင့်နောင်ကုန်စည်ဒိုင်)
အား
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **“နိုင်ငံ့စွမ်းဆောင်ရည်ဆု”**
**(အကျိုးအမြတ်မယူသော ထူးချွန်စီးပွားရေးအသင်းအဖွဲ့ဆု)**
ကို
၂၀၁၅ခုနှစ်၊ မေလ၊ (၁၅)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်၏အကျိုး၊
အသင်းဝင်များ၏အကျိုးအတွက် ဆတက်ထမ်းပိုးတိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း

## လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၉)၊ ကမ္ဘောဇရိပ်သာနေ သီဟသုဓမ္မသိင်္ဂီဒေါ်မာမာ (Jewel Pock Gems and Diamond) စိန်ရတနာလုပ်ငန်းရှင်အား ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ “မဟာချူလာလောင်ကွန်ရာဇဝိဒယလယတက္ကသိုလ်မှ လူပုဂ္ဂိုလ်သာသနာပြုဆိုင်ရာ ဂုဏ်ပြုသရဖူဘွဲ့တံဆိပ် “The Honorary Kisignia awarded” ချီးမြှင့်ခံရခြင်းအတွက် လှိုက်လှဲစွာဝမ်းသာဂုဏ်ပြုအပ်ပါသည်။ အစဉ်သဖြင့်လည်း တိုင်းပြည်အကျိုး၊ အမျိုးဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးအားကြိုးစွမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

**ဒိုင်းမွန်းစတားစိန်ရတနာဆိုင်**
**ဦးသိန်းဝင်းနှင့်ညီအစ်ကိုများ**
**အမှတ်(၁၁၃)၊ ရွှေဘုံသာအောက်လမ်း၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဦးစိုးသောင်းနှင့်ညီအစ်ကိုမောင်နှမများမိသားစု**
**အမှတ် ၇၇/၂၉ လမ်း၊ ဒုတိယထပ်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်နေ ဦးချမ်းသာ-ဒေါ်ခင်မာအေး(ဒါရိုက်တာ ACEဆောက်လုပ်ရေး)တို့၏ မြေးဦးအဖြစ် ကိုစိုးမိုးအောင်-မအိစန္ဒာထွန်း(MD-C&Sကုမ္ပဏီ)တို့က ၁၉-၅-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁း၇နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိဆေးရုံကြီးတွင် သားဦးရတနာဖွားမြင်ပေးသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင် စိုးရန်အောင်**

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

ကြေးမုံ
Hot Line No-0930500100

## မြန်မာယူ-၂၃ အသင်း ဗီယက်နမ်အသင်းကို သရေကစား

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာယူ-၂၃ အသင်းနှင့် ဗီယက်နမ် ယူ-၂၃ အသင်းတို့သည် ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းကစားခဲ့ရာ နှစ်ဂိုးစီ သရေကျခဲ့သည်။

**ဗီယက်နမ် ယူ-၂၃ -နှစ်ဂိုး**
**မြန်မာ ယူ -၂၃ -နှစ်ဂိုး**

ထိုင်းအသင်းနှင့် ခြေစမ်းပွဲတွင် ခြေစွမ်းမပြနိုင်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မြန်မာယူ-၂၃ အသင်းမှာ ယခုပွဲတွင် ယင်းပွဲမှ အမှားများကို ပြင်ဆင်နိုင်ခဲ့ပြီး ရလဒ်ကောင်း တစ်ခုရယူနိုင်ခဲ့သည်။ မြန်မာယူ-၂၃ အသင်းမှာ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ ပေးခဲ့ရသော်လည်း ပယ်နယ်တီများမှ တစ်ဆင့် ချေပဂိုးများရယူကာ သရေရလဒ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ ထိုင်းအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းကို အနည်းငယ် အပြောင်းအလဲပြုလုပ်ထားသည်။ မြန်မာယူ-၂၃အသင်းမှာ နေလင်းထွန်း၊ ကျော်ဇင်ဖြိုး၊ စည်သူအောင်၊ ဟိန်းသီဟဇော်တို့ဖြင့် ပွဲထွက်လာခဲ့ပြီး အိမ်ရှင်ဗီယက်နမ်အသင်းမှာလည်း ကွင်းလုံးပြည့်

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❖**



## တရားမဝင်အလုပ်သမားများ လွှဲပြောင်းပေးအပ်

**တာချီလိတ်  မေ  ၂၂**

ထိုင်းနိုင်ငံ(မြောက်ပိုင်း) ချိန်းရိုင်းခရိုင်အတွင်းရှိ လိမ္မော်ခြံတစ်ခြံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား တရားမဝင် အလုပ်သမားများ ဖမ်းဆီးခံထားရကြောင်း မေ ၂၂ ရက်က သတင်းရရှိသည့်အတွက် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၏ လမ်းညွှန်ချက်အရ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC)ဝင်များဖြစ်ကြသည့် ဦးအောင်ဖြိုးရှိန်၊ ဦးစည်သူမောင်နှင့် ဦးဇော်အောင်တို့က မယ်ဆိုင်မြို့ လူဝင်မှုကြီးကြပ်ရေးဌာနသို့ သွားရောက်ဆက်သွယ်စုံစမ်းရာ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

## ဖုန်ကြားရှင်ဦးစီးသော သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသ၊ စီကော်လျံဒေသနှင့် စန်တအိုက်ရှန် ကုန်းမြင့်ဒေသတို့အား တပ်မတော်က တိုက်ခိုက်ချေမှုန်း

စာ » ၅

# မောင်တောမြို့ ကမ်းလွန်ပင်လယ်ပြင်၌ စက်လှေနှစ်စင်းနှင့်အတူ ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ တွေ့ရှိသဖြင့် ထိန်းသိမ်းခေါ်ဆောင်ပြီး စိစစ်ဆောင်ရွက်လျက်ရှိ

မောင်တော  မေ  ၂၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာအနောက်ဘက် ပင်လယ်ပြင်တွင် တပ်မတော်ရေယာဉ်မှ တာဝန်ထမ်းဆောင်နေစဉ် မေ ၂၁ ရက် ညနေ ၃ နာရီခွဲခန့်တွင် စက်လှေနှစ်စင်းနှင့်အတူ ပင်လယ်တွင်းလှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး လိုက်ပါလာကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ထိန်းသိမ်းခေါ်ဆောင်ခဲ့ပြီး မေ ၂၂ ရက် နံနက် ၂ နာရီခွဲတွင် အငူမော်ကျေးရွာ၌ သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪



မြန်မာ့ပင်လယ်ပြင်ပိုင်နက်အတွင်း တပ်မတော်ရေယာဉ်မှ ထိန်းသိမ်းခဲ့သည့် လူမှောင်ခိုစက်လှေတစ်စင်းအား တွေ့ရစဉ်။



လူမှောင်ခိုစက်လှေအတွင်း လိုက်ပါလာသော ပင်လယ်တွင်း လှေစီးဒုက္ခသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား တွေ့ရစဉ်။




themirror.npt@gmail.com
www.facebook.com/themirrordaily
R/184